

# ကောင်းချီးမင်္ဂလာ စီမံကိန်း

By Sabrina Barich

# ကောင်းချီးမင်္ဂလာ စီမံကိန်း

By Sabrina Barich

www.thehopeofglory.org

https://maranathamedia-myanmar.com/

# မာတိကာ


၁။ အရင်းမြစ်နှင့် ကြားခံလမ်းကြောင်း

၂။ အရင်းမြစ်

၃။ ကြားခံလမ်းကြောင်း

၄။ တစ်ပါးတည်းသော သားတော်

၅။ ခရစ်တော်၏ ဘုရားဇာတိ

၆။ မိမိတို့ ပုံသဏ္ဍာန်တော်နှင့် အညီ

၇။ ယောက်ျားနှင့် မိန်းမ

၈။ ကောင်းချီးမင်္ဂလာ မြစ်ဖျား

၉။ စာတန်မာရ်နတ်၏ မှားယွင်းသောပုံသက်သေ

၁၀။ ဘုရားသခင်၏ ဝိညာဉ်တော်

၁၁။ ဝိညာဉ်တော်ဆိုသည်မှာ အဘယ်နည်း

၁၂။ သားတော်အားဖြင့်

၁၃။ ဥပဇ္ဈာယ်ဆရာကို စေလွှတ်ခြင်း

၁၄။ တစ်ခုတည်းသော လမ်း

ဘုရား

ကျွန်တော်တို့ရဲ့ ယုံကြည်ချက်အယူအဆတွေကို ခြားနားတဲ့အစိတ်ပိုင်းတွေလို လူအများကြီးက အမျိုးစားလိုက်ခွဲတာ အကျင့်ဖြစ်နေကြပါတယ်။ ခင်ဗျားက သမ္မာကျမ်းစာထဲက အမျိုးမျိုးသော သမ္မာတရားတွေကို လေ့လာနေတဲ့သူလို့ စိတ်ကူးယဥ်ကြည့်ပါ။ ပြီးတော့ တစ်ယောက်ယောက်က အထောက်ကူဖြစ်စေမယ့် အချက်လက်တွေကို မင်းဆီမျှဝေတယ်။ သူပေးလိုက်တဲ့ အချက်လက်တိုင်းက အခြားမတူညီတဲ့ အယူဆတွေဖြစ်နေမယ်။ သူပေးလိုက်တဲ့ အချက်လက်တွေနဲ့ ဘာလုပ်ရမယ်ဆိုတဲ့ ညွှန်ကြားမှု၊ သင်ကြားရမယ့် ပုံစံအစီစဉ်ကို ပေးမထားဘူး။ ဒီလိုနဲ့ မင်းက၊ မင်း စုဆောင်းရှာဖွေနေတဲ့ အချက်လက်တွေနဲ့ စုပေါင်းသိမ်းထားလိုက်တယ် ဆိုပါတော့။ အချက်လက်အားလုံးကို အံ့နေရာမှာ သိမ်းထားတဲ့အတွက် လိုအပ်တဲ့ချိန်မှာ ရှာဖွေလို့ရမယ်။ အဲဒီအယူဆတွေကို ထောက်ခံထားတဲ့ ကျမ်းချက်တွေကိုပါ မှတ်မိနေတယ် ဆိုပါတော့။ ဒါပေမယ့် အယူဆတွေက ရောထွေးနေတယ်။ အဆက်စပ်မရှိဘူး။ အယူဆတွေကလည်း တစ်ခုနဲ့တစ်ခုက အထောက်ပံ့ရှိမနေဘူး။ ကိုက်ညီမနေဘူး။

ဒီလိုဖြစ်လာရင် ဘာအန္တရာယ်ရှိနိုင်လဲ။ မှားယွင်းတဲ့ ယုံကြည်ယူဆချက်တွေ ခင်ဗျား စုဆောင်းနေတဲ့ အချက်လက်ထဲ ဝင်ရောက် ပေါင်းစပ်သွားဖို့ ဘယ်လောက်လွယ်မလဲဆိုတာ စဥ်းစားကြည့်ပါ။ အဲဒီအယူဆတစ်ခုက အမှန်တရားဆိုတဲ့ ဘောင်နဲ့ကိုက်ညီသလား၊ ဆိုတာပြသမယ့်အရာလည်း ရှိမှာမဟုတ်တော့ဘူး။ ဒါပေမယ့် ခင်ဗျားမှာ လိုက်နာလို့ရတဲ့ အသေးစိတ်ရှင်းလင်းပြသထားတဲ့ လမ်းညွှန် ရှိတယ်ဆိုရင်တော့ အမှားနဲ့ အမှန်ကို လွယ်ကူစွာ ခွဲခြားနိုင်မှာ ဖြစ်ပါတယ်။ ဒီလို လမ်းညွှန်ရှိရင်တော့ ယုံကြည်ယူဆချက်တစ်ခုစီတိုင်းဟာ တစုတစည်းတည်းဖြစ်သွားပြီး ဘုရားသခင်က ဘယ်သူလဲ၊ ကျွန်တော်တို့ဟာ ဘုရားသခင်အတွက် ဘာလဲ၊ ဘုရားသခင်က

ကျွန်တော်တို့အတွက် ဘာလုပ်ပေးခဲ့လဲဆိုတာတွေကို ရှင်းလင်း လှပစွာမြင်နိုင်မှာ ဖြစ်ပါတယ်။

## ဘုရားသခင်က လိုက်နာလို့ရမည့် အသေးစိတ်ရှင်းလင်း လမ်းညွှန်ချက်တွေ ပေးခဲ့ပါသလား။

ပေးထားခဲ့ပါတယ်။ ရှာတွေ့ဖို့ အဝေးကြီးရှာစရာမလိုပါဘူး။ ကျွန်တော်တို့ ဒီလိုက်နာလို့ရတဲ့ အသေးစိတ်ရှင်းလင်း လမ်းညွှန်ချက်ကို "**ဘုရားသခင့် သဘောတော်**" လို့ခေါ်ဝေါ်သုံးစွဲကြရအောင်။ ဒီ သဘောတော်ကို ကျမ်းစာရဲ့ ပထမဆုံး အစ စကားလုံးတွေမှာ တွေ့နိုင်ပါတယ်။ " အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏"။ အစအဦး၌ဆိုတဲ့ စကားစုဟာ ဟေဗြဲစကားလုံး "Bet" နဲ့စပါတယ်။ အဲဒီစကားလုံးဟာ နှုတ်ကပတ်တော်ရဲ့ ပထမဆုံး စာလုံးဖြစ်ပါတယ်။ အဲစကားလုံးကို မတော်တဆ ကျမ်းစာရဲ့အစမှာ သုံးထားတာမဟုတ်ပါဘူး။ ဒီစကားလုံးက အလွန်အရေးပါတဲ့၊အဓိကကျတဲ့ အခြေခံအုတ်မြစ်တစ်ခုကို ချပေးထားပါတယ်။
အင်္ဂလိပ်ဘာသာစကားနဲ့ကြည့်ရင်တော့ ကျွန်တော်တို့အတွက် အထူးဆန်းကြီးတစ်ခု ဖြစ်နိုင်ပါတယ်။ စကားလုံး တစ်လုံးကဘာလို့ အရမ်းအရေးပါနိုင်မလဲ။ ဘုရားသခင်က ဟေဗြဲဘာသာစကားကို သူ့လူမျိုးတွေအတွက်၊ သမ္မာကျမ်းစာအတွက် စိတ်ကူးပေါက်သလို လျှောက်လျှောက်ရွေးချယ်ပေးတာ မဟုတ်ပါဘူး။ ဟေဗြဲဘာသာစကားရဲ့ ဗျည်းသရအက္ခရာ တစ်ခုချင်းဆီမှာ အဓိပ္ပာယ်ပေါင်းများစွာ ရှိပါတယ်။ ကျွန်တော်တို့လေ့လာတဲ့အခါ ကျမ်းစာထဲက နက်နဲထူးခြားတဲ့၊

အံ့သြစရာကောင်းတဲ့ ကျမ်းချက် တစ်ခုနဲ့တစ်ခု ချိတ်ဆက်ပုံ ကွန်ရက်ကို တွေ့ရှိခဲ့ပါတယ်။

"Bet" ဆိုတာက ဟေဗြဲအက္ခရာရဲ့ဒုတိယမြောက် စကားလုံးဖြစ်ပြီးတော့ နံပတ်နှစ်လို့လည်း သဘောဆောင်ပါတယ်။ နံပတ်နှစ်ဆိုတာကတော့ အစအဦးက လက္ခဏာနှစ်ရပ် ဒွန်တွဲနေတာကို ပုံဆောင်ပါတယ်။ ပေးသူနဲ့ လက်ခံရယူသူ၊ အရင်းမြစ်နဲ့ ပေးပို့ရာ ကြားခံလမ်းကြောင်း။ သမ္မာကျမ်းစာရဲ့ပထမဆုံးစာလုံးက တစ်လုံးတစ်ဝတည်းဖြစ်တည်မှုကနေ နှစ်ဦးနှစ်ခုဖြစ်တည်နိုင်တဲ့ အခြေနေသို့ ထူးဆန်းစွာပြောင်းလဲကြောင်း ဖော်ပြထားပါတယ်။ ဒါဟာ ဖန်ဆင်းခြင်း အားလုံးရဲ့ လမ်းကြောင်း ဖြစ်ပါတယ်။ "Bet"ရဲ့မူလတိုက်ရိုက်အဓိပ္ပာယ်ကတော့ အိမ်၊ တစ်ခုခုဖြည့်လို့ရမယ့် ထည့်စရာ၊ နေထိုင်လို့ရမယ့်အရာ၊ လုပ်ကိုင်ဆောင်ရွက်ရသည့်အရာ လို့အဓိပ္ပာယ်ဖွင့်လို့ရပါတယ်။

သမ္မာကျမ်းစာရဲ့ပထမဆုံးစာလုံးက အရင်းမြစ်နဲ့ ကြားခံ လမ်းကြောင်းရဲ့ ဆက်နွယ်မှုသည် ဘုရားသခင်ရဲ့သဘောတော်၊ တည်ရှိတော်မူခြင်းလို့လည်း ပြောလို့ရပါတယ်။ အဲဒီတည်ရှိတော်မူခြင်း အားဖြင့် စကြာဝဠာတစ်ခုလုံးကို ဖန်ဆင်းတယ်၊ ပုံဖော်တန်ဆာဆင်တယ်၊ လည်ပတ်စေပါတယ်။ ဘုရားသခင်ရဲ့ သဘောတော်ကို ငြင်းပယ်ခြင်းဟာ စာတန်မာရ်နတ်ရဲ့ပုန်ကန်မှုသာမက လူသားမျိုးနွယ်အပေါ် ဘုရားသခင်ရဲ့သဘောတော်ကို မေးမှိန်စေဖို့ တိုက်ခိုက်ရခြင်းရဲ့အကြောင်းရင်းလည်း ဖြစ်ပါတယ်။ ဒီအရင်းမြစ်နဲ့ ကြားခံ လမ်းကြောင်းဆိုတဲ့ အရာကို နားလည်တဲ့အခါ ဒီသဘောတရားကို နေရာတိုင်းမှာ ကျွန်တော်တို့ တွေ့နိုင်ပါတယ်။ ကျမ်းစာ၏ နေရာအနှံ့တွင် အကျုံးဝင်နေပါတယ်။ ဒီအရာကို ကျွန်တော်တို့အခြေခံအုပ်မြစ် ဘလူးပရင့်( အသေးစိတ်ရှင်းလင်းတင်ပြထားသော လမ်းညွှန်) အဖြစ်သုံးပြီး ကျမ်းစာထဲက သမ္မာတရားများကို အတူတကွ အံဝင်ဂွင်ကျ ပေါင်းစည်းပြီး၊ အမှန်တရားကို

ပြိုပျက်စေဖို့ စာတန်မာရ်နတ် ယူဆောင်လာတဲ့ မုသားစကားတွေကို ရှင်းရှင်းလင်းလင်း ခွဲခြားသိမြင်နိုင်မှာ ဖြစ်ပါတယ်။

## အရင်းမြစ်နဲ့ ကြားခံလမ်းကြောင်း

### အရင်းမြစ်

ဘုရား သဘောတော်ကို အသက်ဝိညာဉ်၊ ချစ်ခြင်းမေတ္တာ၊ ကောင်းမြတ်မှု၊ အမှန်တရား စတဲ့ အရာအားလုံးရဲ့အရင်းမြစ်သည် တစ်ခုတည်းရှိသည် ဆိုတဲ့အချက်အပေါ် အခြေခံထားပါတယ်။ ဒီဖြစ်စဉ်သဘောတရားကို နားလည်ဖို့ ကျွန်တော်တို့အတွက် အရမ်းအရေးကြီးပါတယ်။ သမ္မာကျမ်းစာထဲမှာ အရင်းမြစ်ဟာ ဘာလဲဆိုတာ ရှင်းလင်းစွာ ဖော်ပြထားပါတယ်။

- ၁ကော ၈: ၆ "အကြင်ဘုရားသခင်ထဲက ခမ်သိမ်းသောအရာဖြစ်၍၊ အကြင်ဘုရားသခင်အဖို့အလို့ငှာ ငါတို့သည် **ဖြစ်ကြ၏။ ထိုခမည်းတော်ဘုရားသခင် တစ်ပါးတည်းသာ** ငါတို့၌ရှိတော်မူ၏။ အကြင်သခင်အားဖြင့် ငါတို့မှစ၍ ခပ်သိမ်းသောအရာ ဖြစ်ကြ၏။ ထိုသခင် ယေရှုတစ်ပါးတည်းသာ ငါတို့၌ရှိတော်မူ၏။"
- ဧဖက် ၄: ၆ " ခပ်သိမ်းသော ငါတို့၏အဘဖြစ်တော်မူသော **ဘုရားသခင် တစ်ဆူတည်း**ရှိတော်မူ၏။ ထိုဘုရားသခင်သည် ခပ်သိမ်းသော ငါတို့၏အပေါ်မှာ ရှိတော်မူ၏။ ခပ်သိမ်းသော ငါတို့ကို နှံ့ပြားတော်မူ၏။ ခပ်သိမ်းသော ငါတို့အထဲ၌လည်း ရှိတော်မူ၏။"
- ၁ တိ ၆:၁၆ "**မရဏာနှင့် ကင်းလွတ်သောသူ တစ်ပါးတည်း ဖြစ်တော်မူထသော၊** အဘယ်သူမျှမချဉ်းကပ်နိုင်သော

အလင်းထဲ၌နေတော်မူထသော အဘယ်သူမျှမမြင်ဘူးရ၊ မမြင်နိုင်ရာ ဖြစ်တော်မူထသော၊ မင်္ဂလာရှိသော တစ်ပါးတည်းသော အရှင်ဖြစ်တော်မူထသော၊ ဘုရင်တကာတို့၏ ဘုရင်၊ သခင်တကာတို့၏ သခင်သည် ကာလအချိန်ရောက်သောအခါ သခင်ယေရှုခရစ်၏ ထင်ရှားပေါ်ထွန်းခြင်းကို ပြတော်မူလိမ့်မည်။ ထိုဘုရားသခင်သည် ထာဝရဂုဏ်အသရေ အစွမ်းသတ္တိရှိတော်မူစေသတည်း။ အာမင်။"

- ယာကုပ် ၁: ၁၆-၁၇ "**ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှတို့သည်** အလင်းတို့၏ အဘထံတော်က သက်ရောက်လာသည်ဖြစ်၍၊ အထက်အရပ်မှ လာကြ၏။ **ထိုအဘသည် ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရပ်နှင့် ကင်းလွတ်တော်မူ၏။"**

အထက်ကောင်းကင်ဘုံမှာ စံမြန်းတော်မူတဲ့ ကျွန်တော်တို့ရဲ့ ခမည်းတော်ဘုရားဟာ တစ်ဆူတည်းသော ဘုရား၊ ကောင်းမြတ်စုံလင်ခြင်းနှင့် အသက်၏ တစ်ခုတည်းသော အရင်းမြစ်၊ သူဖန်းဆင်းထားတဲ့ အရာအားလုံးကို ကောင်းချီးပေးလိုတဲ့ တစ်ဆူတည်းသော ဘုရားဖြစ်တယ် ဆိုတဲ့အမှန်တရားသည် စာတန်မာရ်နတ် ပုန်ကန်ခဲ့တဲ့ အရာဖြစ်ပါတယ်။ စာတန်မာရ်နတ်က ဘုရားသခင်ရဲ့ ကောင်းချီးပေးရာ လမ်းကြောင်းကနေ သွေဖယ်ပြီး ပိုပြီးမြင့်မြတ်တဲ့ ဖြစ်တည်မှုကို သူ့ဘာသာသူ ရယူနိုင်လိမ့်မယ်လို့ ယုံကြည်ခဲ့တယ်။ ဘုရားသခင်ဟာ သူ့ဆီကနေ ကောင်းမြတ်တဲ့ အရာတစ်ခုခုကို ထိမ်ချန်ထားတယ်လို့ သူထင်ခဲ့တယ်။ သူသည် မိမိအသက်ရဲ့ မိမိကောင်းမြတ်မှုရဲ့ ကိုယ်ပိုင် အရင်းမြစ် ဖြစ်နိုင်မယ်လို့ သူယုံကြည်ခဲ့တယ်။ ဒီအချက်ဟာ ဥယျာဉ်ထဲမှာ ဧဝကိုပြောခဲ့တဲ့ မုသားစကားနဲ့ တစ်ထပ်တည်းဖြစ်ပါတယ်။

- ကမ္ဘာဦးကျမ်း ၃: ၄-၅ "မြွေကလည်း သင်တို့သည် ကေန်အမှန်သေရမည်မဟုတ်။ အကြောင်းမူကား၊ ထိုအသီးကို စားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကိုသိ၍၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတ္တံ့သည်ကို ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။"

စာတန်မာရ်နတ်က အဲဒီနည်းစနစ်ကို ယနေ့ ဆက်လက်အသုံးပြုနေပါတယ်။ ဘုရားသခင်နဲ့ အတူအသက်မရှင်ခြင်းသည် ဘဝတွင်ပို၍ ကောင်းမွန်စွာ၊ ပြည့်စုံစွာ အသက်ရှင်သန်နိုင်စေတယ်လို့ သူက ယောကျာ်း၊ မိန်းမ မရွေး အမြဲမပြတ် ဖျားယောင်းသွေးဆောင်နေပါတယ်။ လူတွေဟာ သူတို့ဘာသာသူတို့ အသက်ရှင်နိုင်တယ်လို့ ဖြောင်းဖြနေပါတယ်။ ဘုရားသခင်ရဲ့သဘောတော်ကို ကျွန်တော်တို့ နားလည်လာတဲ့အခါ ခမည်းတော်ဘုရားဟာ အရာအားလုံးရဲ့ အရင်းမြစ်မဟုတ်ပါဘူးလို့ ငြင်းပယ်ခြင်း၊ ဘုရားသခင် ခန့်အပ်ထားတဲ့ လမ်းကြောင်းကို ငြင်းပယ်ခြင်းဟာ ဘယ်လောက်တောင် မှားယွင်းတဲ့ ယုံကြည်ယူဆချက်ဖြစ်တဲ့အကြောင်း ကျွန်တော်တို့ စတင်မြင်တွေ့နိုင်မှာ ဖြစ်ပါတယ်။

## ကြားခံ လမ်းကြောင်း

ယေရှုဘုရားဟာ ခမည်းတော်ဘုရားရဲ့လူသားမျိုးနွယ်အပေါ်ထားရှိတဲ့ အကြင်နာမေတ္တာတရားကို ပြသဖို့ ဒီလောကကို ကြွဆင်းလာခဲ့ပါတယ်။ ဒါကြောင့် ယေရှုဘုရားအနေနဲ့ ခမည်းတော်ဘုရားရဲ့ဖြစ်တည်မှု၊ရပ်တည်မှုကို မှန်ကန်စွာ ဖော်ပြပေးဖို့၊ ကျွန်တော်တို့နဲ့ သူ့အကြားက ဆက်ဆံရေးကို မှန်ကန်စွာ ဖော်ပြပေးဖို့ လိုအပ်လာပါတယ်။ ယေရှုဘုရားက ခမည်းတော်ဘုရားဟာ အသက်အားလုံး၊

ကောင်းမြတ်မှုအားလုံးရဲ့ မူလအရင်းမြစ်ဖြစ်တယ် ဆိုတဲ့ အမှန်တရားကို အခိုင်အမာ ထိန်းသိမ်း၊ ဖော်ပြခဲ့ပါတယ်။

- ယောဟန် ၁၀:၂၉ "ထိုသိုးတို့ကို **ငါ့၌အပ်ပေးတော်မူသော ငါ့ခမည်းတော်သည် ခပ်သိမ်းသောသူတို့ထက် ကြီးမြတ်တော်မူသည်ဖြစ်၍၊** အဘယ်သူမျှ ထိုသိုးတို့ကို ငါ့ခမည်းတော်၏လက်မှ မနုတ်မယူနိုင်ရာ။"
- ယောဟန် ၁၇: ၇ "အကျွန်ုပ်အား **ပေးတော်မူသမျှတို့သည် ကိုယ်တော်မှ** ဖြစ်ကြောင်းကို သူတို့သည် ယခုသိကြပါ၏။"
- လုကာ ၁၈: ၁၉ "ယေရှုက ငါကိုကောင်းမြတ်သည်ဟု အဘယ့်ကြောင့်ခေါ်သနည်း။ **ဘုရားသခင်တစ်ပါးတည်းသာ ကောင်းမြတ်တော်မူ၏။**"
- ယောဟန် ၅:၁၉ "ယေရှုကလည်း၊ သင်တို့အား ငါအမှန်အကန်ဆိုသည်ကား၊ ခမည်းတော်ပြုတော်မူသော အမှုကို သားတော်သည် မြင်၍သာပြု၏။ **မိမိ အလိုအလျောက် အဘယ်အမှုကိုမျှမပြုနိုင်၊** ခမည်းတော်ပြုတော်မူသည်အတိုင်း သားတော်လည်းပြု၏။"
- ယောဟန် ၅: ၃၀ "**ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှ မပြုနိုင်။"**
- ယောဟန် ၁၇: ၃ "ထာဝရအသက်ဟူမူကား၊ **မှန်သော ဘုရားသခင် တစ်ဆူတည်းဖြစ်တော်မူသော** ကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုလည်းကောင်း၊ သိကျွမ်းခြင်းတည်း။

ယေရှုက သူ့ရဲ့ခမည်းတော်ကို မှန်သော တစ်ဆူတည်းသော ဘုရားလို့ ဖော်ပြတယ်။ ဒါဆို ယေရှုက ဘယ်သူဖြစ်မလဲ။

- ယောဟန် ၁၆: ၁၅-၁၇ သင်တို့သည်လည်း ငါ့ကို အဘယ်သူဖြစ်သည် ဆိုကြသနည်းဟု မေးတော်မူလျှင်၊ ရှိမုန်ပေတရုက ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ဟု လျှောက်လေ၏။ ယေရှုကလည်း ရှိမုန်ဗာယောန၊ သင်သည်မင်္ဂလာရှိ၏။ အကြောင်းမူကား၊ အသွေးအသားသည် ဤအကြောင်းအရာကို သင့်အားဖော်ပြသည်မဟုတ်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်သည် ဖော်ပြတော်မူသတည်း။"

ခရစ်တော်က ရှိမုန်ပေတရု၏ အဖြေဖြစ်တဲ့သူ ယေရှုဟာ ဘုရားသခင်ရဲ့ သားတော်ဖြစ်တယ်ဆိုတာ ခမည်းတော်ဘုရားကိုယ်တိုင် ဖော်ပြတော်မူသည်လို့ ကြေငြာခဲ့ပါတယ်။ သူ့ရဲ့အဖြေဟာ အရမ်းမှန်တဲ့အတွက် ခရစ်တော်က သူ့ရဲ့နာမည်ကို ပေတရုလို့ ခေါ် ခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ "ကျောက်တုံး" ဖြစ်ပါတယ်။ ပြီးတော့ "ဤကျောက်ပေါ်မှာ ငါ့အသင်းကို ငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏ တံခါးတို့သည် မနိုင်ရာ" လို့ပြောခဲ့ပါတယ်။ (မဿဲ ၁၆:၁၈) ဒီအမှန်တရားကို ခမည်းတော်ကိုယ်တိုင် ယေရှု နှစ်ခြင်းခံခဲ့စဉ်က ပြောခဲ့ပါတယ်၊ "ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်းဟု ကောင်းကင်က အသံတော်ဖြစ်လေ၏။" (မဿဲ ၃:၁၇)

ခရစ်တော်ရဲ့သားဖြစ်မှုကို ကျွန်တော်တို့ ဘယ်လိုနားလည်ရမလဲ။ ယေရှု၊ ဘုရားသခင်ရဲ့သားတော်ဟာ ဘုရားဇာတိမှာ ဘယ်လိုပါဝင်ကြောင်း ၁ကော ၈: ၆ကို ကြည့်ပြီးလေ့လာရအောင်။

- “**အကြင်ဘုရားသခင်ထံက ခပ်သိမ်းသောအရာဖြစ်၍ အကြင်ဘုရားသခင်အဖို့အလို့ငှာ ငါတို့သည် ဖြစ်ကြ၏။ ထိုခမည်းတော် ဘုရားသခင်တစ်ပါးတည်းသာ ငါတို့၌ရှိတော်မူ၏။** *အကြင်သခင်အားဖြင့် ငါတို့မှစ၍ ခပ်သိမ်းသောအရာ ဖြစ်ကြ၏။ ထိုသခင် ယေရှုခရစ်တစ်ပါးတည်းသာ ငါတို့၌ ရှိတော်မူ၏။”*

ပေါလုရဲ့ ရှင်းပြချက်ထဲမှာ ခမည်းတော်ကို “အကြင်ဘုရားသခင်ထံက”လို့သုံးပြီး၊ ယေရှုခရစ်ကို “အကြင်သခင်အားဖြင့်” လို့သုံးထားတာတွေ့ရပါတယ်။ ခမည်းတော်ဘုရားဟာ *မူလအရင်းမြစ်* ဖြစ်ပြီးတော့ သားတော်ဘုရားက *ကြားခံ လမ်းကြောင်း* ဖြစ်ပါတယ်။ အခြား ကျမ်းချက်တွေထဲမှာလည်း ဖန်ဆင်းခြင်းအမှုကို ဒီလိုပဲ ဖော်ပြထားပါတယ်။

- ဟေဗြဲ ၁: ၁-၂ “ရှေးလွန်လေပြီးသောအခါ ပုရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည်၊ ဤနောက်ဆုံးသောကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ။”
- ယောဟန် ၁: ၃ “နှုတ်ကပတ်တော်သည်(အားဖြင့်) ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းခြင်းနှင့် ကင်းလွတ်လျက် ဖြစ်သောအရာ တစ်စုံတစ်ခုမျှမရှိ။” ( ကျမ်းချက်များကို အင်္ဂလိပ်လိုဖတ်ပါက စာရေးသူ ပြောချင်သော အချက်ကို ပိုမိုရှင်းလင်းစွာ သိနိုင်ပါမည်။)
- ကောလောသဲ ၁: ၁၅-၁၆ “ထိုသားတော်သည် မျက်မမြင်ရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ဖြစ်၏။ ဝေနေယျသတ္တဝါ အပေါင်းတို့တွင်လည်း သားဦးဖြစ်တော်မူ၏”အကြောင်းမူကား

> ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်းခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခမ်းသိမ်းသော အရာတို့ကို ဖန်ဆင်းတော်မူ၏။ **ထိုသခင်အားဖြင့် လည်းကောင်း၊ ထိုသခင်အဖို့အလို့ငှာ လည်းကောင်း** ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။

ခမည်းတော်ဘုရားဟာ သားတော်အားဖြင့် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့တယ် သမ္မာကျမ်းစာ သက်သေခံနေတာဖြစ်ပါတယ်။ ယေရှုဘုရားဟာ ခမည်းတော်ဘုရားက သူ့ရဲ့ဖန်ဆင်းခြင်းတန်ခိုးကို ထင်ရှားစေတဲ့ ကြားခံလမ်းကြောင်း ဖြစ်ပါတယ်။ ဒီလို မူလအရင်းမြစ်နဲ့၊ ကြားခံလမ်းကြောင်းရဲ့ ဆက်နွယ်ချက်ဟာ ဖန်ဆင်းခြင်းက အစပြုပြီး လူသားမျိုးနွယ်တွေအတွက် ကယ်တင်ခြင်း အမှုတော်အထိ ဆက်လက်တည်ရှိခဲ့တာဖြစ်ပါတယ်။

- ၁တိ ၂: ၅ "**ဘုရားသခင် တစ်ဆူတည်းရှိတော်မူ၏။** ဘုရားသခင်နှင့် လူတို့၏ စပ်ကြားမှာ၊ လူဖြစ်သော **ယေရှုခရစ်တည်းဟူသော အာမခံတစ်ဦးတည်းရှိ၏။**"
- ယောဟန် ၁၄: ၆ "ယေရှုက၊ ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ **ငါ့ကို အမှီမပြုလျှင်** အဘယ်သူမျှ **ခမည်းတော်ထံသို့** မရောက်ရ။"

မေးစရာမေးခွန်းတစ်ခု အလိုလိုရှိလာတာက ဒီဆက်ဆံရေးဟာ ဘယ်အချိန်၊ ဘယ်နေရာမှာ တည်ဆောက်ခဲ့ကြတာလဲ။

## တစ်ပါးတည်းသော သားတော်

ခမည်းတော်ဘုရားဟာ သက်ရှိအားလုံးရဲ့မူလအရင်းမြစ်ဆိုရင် သူဟာ သူ့ရဲ့သားတော် ယေရှုအသက်ရဲ့အရင်းမြစ်လည်းဖြစ်ရပါမယ်။ ကောလောသဲ ၁: ၁၅မှာ ဝေနေယျသတ္တဝါအပေါင်းတို့တွင်လည်း သားဦးဖြစ်တော်မူ၏။ လို့ရေးထားပါတယ်။ (အင်္ဂလိပ်မှာ The firstborn over all creation လို့ရေးထားပါတယ်...မြန်မာနဲ့ ဆိုလိုရင်း အတိမ်အနက်မတူသောကြောင့် ကျမ်းချက်များကို အင်္ဂလိပ်လို ဖတ်ရန် တိုက်တွန်းပါသည်။) ခရစ်ယာန်အသိုင်းဝိုင်းမှာ လူသိအများဆုံး ကျမ်းချက်တစ်ခုဖြစ်တဲ့ သားဖြစ်ခြင်းအခွင့်ကိုလည်း ဖော်ပြထားပါတယ်။

- ယောဟန် ၃: ၁၆ "ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။"

"တစ်ပါးတည်းသော (only begotten) လို့ ဘာသာပြန်ထားတဲ့ စကားလုံးဟာ ဂရိ ဘာသာစကား (monogenes)ဖြစ်ပြီးတော့ ခရစ်တော်ရဲ့သားဖြစ်ခြင်းကို ဖော်ပြဖို့ သုံးလေ့ရှိပြီး အခြား ကျမ်းချက် လေးခုမှာလည်း တွေ့နိုင်ပါတယ်။ (ရှင်ယောဟန် ၁: ၁၄, ၁: ၁၈, ၃:၁၈, ၁ယော ၄: ၉) တိုက်ရိုက်အဓိပ္ပာယ်က "တစ်ဦးတည်းသော သား" ဖြစ်ပါတယ်။ လူသားများနှင့် ကောင်းကင်တမန်များကိုလည်း ဘုရားသခင်ရဲ့ သားအဖြစ် ကျမ်းစာထဲ၌ တွေ့ရပါတယ်။ ဒါပေမယ့် ဘုရားသခင်ရဲ့ တစ်ဦးတည်းသော သားအဖြစ်ဖော်ပြခြင်းခံရတာဟာ ယေရှုပဲရှိပါတယ်။ ဒါကြောင့်

ယေရှုဟာ ဘုရားသခင်ရဲ့တစ်ပါးတည်းသော သားတော်ဖြစ်ကြောင်း ကျွန်တော်တို့ ဘယ်လိုနားလည်ရမလဲ။ ဒီအရာက ဘယ်အချိန်မှာ ဖြစ်ပျက်ခဲ့တာလဲ။

ကျမ်းစာကတော့ ယေရှုဟာ ဒီကမ္ဘာလောကထဲကို မလာခင်ကတည်းက ဘုရားသခင်ရဲ့သားတော်ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ တစ်မျိုးပြောင်းပြောရရင် ဘုရားသခင်ရဲ့တစ်ပါးတည်းသော သားတော်ဖြစ်စေတာက ဘက်လင်မြို့မှာ မွေးဖွားခဲ့လို့မဟုတ်ပါဘူး။ ဘုရားသခင်ရဲ့ ဖန်ဆင်းခြင်း လက်ရာတော်များကို ရည်ညွှန်းပြီးတော့ ရှောလမုန်မင်းကြီးက ဒီလိုကြေငြာခဲ့ပါတယ်။

သုတ္တံကျမ်း ၃၀: ၄ "ကောင်းကင်ဘုံသို့ အဘယ်သူတက်သနည်း။ အဘယ်သူ ဆင်းလာသနည်း။ အဘယ်သူသည် လေကို မိမိလက်နှင့် ဆုပ်ထားသနည်း။ အဘယ်သူသည် ရေကိုအဝတ်နှင့် ထုတ်ထားသနည်း။ မြေကြီးစွန်းရှိသမျှတို့ကို အဘယ်သူတည်စေသနည်း။ ထိုသို့ပြုသောသူ၏ အမည်နှင့် သူ၏သားအမည်ကား အဘယ်သို့နည်း။ သင်ပြောနိုင်သလော။"

အခြားလူသားအားလုံးထက် ပိုပြီး ဉာဏ်ပညာကြီးမားတဲ့ ရှောလမုန်မင်းကြီးက စကြာဝဠာကြီးကို ဖန်ဆင်းတဲ့ ဘုရားသခင်မှာ သားတော်ရှိတဲ့အကြောင်း သိနားလည်ခဲ့တယ်။ အဲလိုပါပဲ။ ဒံယေလနဲ့ သူ့သူငယ်ချင်း သုံးယောက် ဘာဘီလုံမှာ အဖမ်းခံခဲ့ရစဉ်ကလည်း သူတို့ ပေးအပ်ခြင်းခံခဲ့ရတဲ့ ကြီးမြတ်တဲ့ ရာထူးတွေက ကောင်းကင်ဘုံမှာရှိတဲ့ ဘုရားသခင်အပေါ် ယုံကြည်မှုကို ထင်ရှားစေခဲ့ကြပါတယ်။ ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါတို့ကို ရွှေရုပ်ထုကြီး ကိုးကွယ်ဖို့ ငြင်းဆန်တဲ့အတွက် မီးပြင်းဖိုမှာ ပစ်ချခြင်းခံရတဲ့အခါ (ဒံယေလ ၃: ၁၃-၂၃)၊ နေဗုခဒ်နေဇာမင်းကြီးက သူတို့ကိုးကွယ်တဲ့ ဘုရားအကြောင်းကို သိသွားပြီး သူတို့နှင့်အတူ မီးထဲမှာ တွေ့ခဲ့ရတဲ့ စတုတ္ထလူကို ဒီလိုအသိမှတ်ပြုခဲ့ပါတယ်။

ဒံယေလ ၃: ၂၅-၂၆ "ရှင်ဘုရင်က လူလေးယောက်တို့သည် မတုပ်မနှောင်ဘဲ မီးထဲ၌ သွားလာ၍ ဘေးဥပဒ်နှင့် ကင်းလွတ်သည်ကို ငါမြင်သည်တကား။ စတုတ္ထသူသည် **ဘုရားသား**၏ အဆင်းသဏ္ဍာန်ရှိသည်ဟု မိန့်တော်မူ၍၊ မီးလောင်လျက်ရှိသော မီးဖိုနားသို့ ချဉ်းကပ်ပြီးလျှင်၊ **အမြင့်ဆုံးသော ဘုရားသခင်၏ ကျွန်၊** ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါတို့၊ ထွက်၍လာကြလော့ဟု မိန့်တော်မူသည်အတိုင်း သူတို့သည် မီးထဲက ထွက်၍လာကြ၏။"

ဒံယေလနှင့် သူ့သူငယ်ချင်းများ၏ ယုံကြည်ခြင်းက သူတို့သည် အမြင့်ဆုံးသော ဘုရားသခင်ကို ကိုးကွယ်ကြောင်းသာမက ထိုဘုရားသခင်၌ သားတော်ရှိကြောင်းကိုလည်း ဘေဘီလုံ ရှင်ဘုရင်ထံသို့ သက်သေခံခဲ့ကြပါသည်။

ဒါပေမယ့် ယေရှုဟာ ဒီလောကကြီးထဲမှာ မကြွလာခင်ကတည်းက ဘုရားသခင်ရဲ့ သားဖြစ်တယ်ဆိုရင် ဘယ်အချိန်မှာ သူက ခမည်းတော်ဘုရားရဲ့တစ်ပါးတည်းသော သားတော်ဖြစ်ခဲ့တာလဲ။ ခရစ်တော်ပေးတဲ့  သူနဲ့ ခမည်းတော်ဘုရားအကြားက ဆက်ဆံရေးနဲ့ ပတ်သက်တဲ့ ထူးမြတ်သော အသိပညာကို သုတ္တံကျမ်း ၈: ၂၂-၂၃ မှာ ရှောလမုန်မင်းကြီးအားဖြင့် ကျွန်တော်တို့ တွေ့ရှိနိုင်ပါတယ်။ ဒီကျမ်းချက်ကို ဉာဏ်ပညာအကြောင်းလို့ မှတ်ယူလို့ရပေမယ့် ၁ကော ၁: ၂၄, ၃၀၊ လုကာ ၁၁: ၄၉ မှာ ယေရှုသည် "ဘုရားသခင်ရဲ့ဉာဏ်ပညာဖြစ်သည်" လို့ဖော်ပြထားပါတယ်။ ဒါကြောင့် ဒီကျမ်းချက်မှာ ခရစ်တော်သည် မိမိအကြောင်း ပြောနေခြင်းဖြစ်ကြောင်း ကျွန်တော်တို့ ကောက်ချက်နိုင်ပါတယ်။

"ထာဝရဘုရားသခင်သည် ရှေးအမှုကို မပြုမီ ထွက်ကြွတော်မူစကပင် ငါ့ကိုပိုင်တော်မူ၏။ မြေကြီးမဖြစ်မီ၊ ရှေးဦးစွာသောကာလ၊ အနန္တကာလမှစ၍ ငါသည် ဘိသိက်ခံပြီ။ နက်နဲသော ပင်လယ်မဖြစ်မီ၊ ရေနှင့်

ကြွယ်ဝသောစမ်းရေတွင်းမဖြစ်မီ ငါ့ကိုဖြစ်ဖွားစေတော်မူ၏။ တောင်ကြီးမတည်၊ တောင်ငယ်မဖြစ်မီ၊ ငါ့ကို ဖြစ်ဖွားစေတော်မူပြီ။ မြေကြီးနှင့် လယ်တောများကို မဖန်ဆင်း၊ အဦးဆုံးသော မြေမှုန့်ကိုမျှ မဖန်ဆင်းမီ၊ ငါ့ကိုဖြစ်ဖွားစေတော်မူ၏။ မိုးကောင်းကင်ကို ပြင်တော်မူသောအခါ ငါရှိ၏။ သမုဒ္ဒရာမျက်နှာပြင်ကို သတ်မှတ်သောအမှု၊ အထက်မိုးတိမ်ကို တည်စေသောအမှု၊ နက်နဲသောအရပ်၌ စမ်းရေပေါက်တို့ကို ခိုင်ခံ့စေသောအမှု၊ သမုဒ္ဒရာ၌ ကန့်ကွက်သောအပိုင်း အခြားကို ရေမလွှမ်းရမည်အကြောင်း စီရင်သောအမှု၊ မြေကြီးကို တိုက်မြစ်တည်သော အမှုတို့ကို ပြီးစီးစေတော်မူသောအခါ၊ ငါသည် ကျွေးမွေးတော်မူသော သားကဲ့သို့ အထံတော်ပါးတွင် နေ၍၊ အစဉ်မပြတ်မွေ့လျော်တော်မူရာ ဖြစ်၏။ ရှေ့တော်၌ အစဉ်မပြတ်ခစားလျက်။” သုတ္တံကျမ်း ၈: ၂၂-၃၀

ထာဝရကာလတစ်လျှောက် ခမည်းတော်ဘုရားနှင့် သားတော်ဘုရား၏ ပေါင်းသင်းခြင်းကို လှုပစွာဖော်ပြရာတွင် ယေရှု၏ မူလအမြစ်သည် ခမည်းတော်ဘုရား၏ တည်ရှိမှု၌ ရှိကြောင်းဖော်ပြထားသည်။ ကန့်သတ်ထားသော ကျွန်တော်တို့၏ ဦးနှောက်သည် မည်သည့်အချိန်တွင် ဖြစ်ပေါ်တည်ရှိသည်ကို နားမလည်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အမှန်တကယ်တွင် ၎င်းသည် အချိန်ကို တိုင်းတာခြင်းမရှိမီ တည်ရှိနှင့်သောကြောင့် ဖြစ်သည်။ ကျွန်တော်တို့ သိထားရမည်မှာ စကြာဝဠာမဖန်ဆင်းမီကပင် တည်ရှိသည်ဟူ၍သာဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်သည် သားတော်အားဖြင့် အရာအားလုံးကို ဖန်ဆင်းသောကြောင့် ဖြစ်ပါသည်။ “ဝေနေယျသတ္တဝါ အပေါင်းတို့၏ သားဦးဖြစ်တော်မူ၏” ဟူသောအချက်သည် ဤအကြောင်းကြောင့် ဖြစ်ပါသည်။

ခရစ်တော်၏ တည်ရှိမှု မူလအစသည် သမ္မာကျမ်းစာ၏ ပထမဆုံးစကားလုံး "bet"တွင်ဖော်ပြထားသော အချက်ပင်ဖြစ်သည်။ တစ်လုံးတစ်ဝတည်း တည်ရှိမှုမှ လက္ခဏာနှစ်ရပ်ဖြစ်သော သားတော်နှင့် ခမည်းတော် ဘုရား၏ ဒွန်တွဲနေခြင်း၊ ဤကမ္ဘာကြီးကို ဖန်ဆင်းဖြစ်တည်စေသော မူလအရင်းမြစ်နှင့် ကြားခံ လမ်းကြောင်းတို့ ပေါင်းသင်းမှု၏ အစလည်းဖြစ်သည်။

ယေရှုက သူဖြစ်တည်မှု၏ မူလအစဖြစ်သော၊ သူ့အသက်၏ အရင်းမြစ်အကြောင်း သူ့တရားနာသူများကို ပြောပြရန် အကြိမ်များစွာ ကြိုးစားခဲ့ပါသည်။

- ရှင်ယောဟန် ၅: ၂၆ "အကြောင်းမူကား၊ ခမည်းတော်သည် ကိုယ်၌ အသက်ရှိတော်မူသည်နည်းတူ၊ သားတော်သည် မိမိ၌အသက်ရှိရသောအခွင့်ကို ပေးတော်မူ၏"
- ရှင်ယောဟန် ၈: ၄၂ "ဘုရားသခင်သည် သင်တို့အဘမှန်လျှင် သင်တို့သည် ငါ့ကိုချစ်ကြလိမ့်မည်။ အကြောင်းမူကား၊ ငါသည် ဘုရားသခင့်အထံတော်မှ ထွက်ကြွရောက်လာ၏ ကိုယ်အလိုအလျောက် လာသည်မဟုတ်။ ဘုရားသခင်သည် ငါ့ကို စေလွှတ်တော်မူ၏။
- ရှင်ယောဟန် ၁၆: ၂၇-၂၈ "အကြောင်းမူကား၊ သင်တို့သည် ငါ့ကိုချစ်ကြ၍၊ ငါသည် ဘုရားသခင်အထံတော်မှ ကြွလာသည်ကို ယုံကြည်သောကြောင့် ခမည်းတော်သည် ကိုယ်တော်တိုင် သင်တို့ကို ချစ်တော်မူ၏။ ငါသည်လည်း ခမည်းတော်ထံမှ ထွက်၍ ဤလောကသို့ ကြွလာပြီ။ တစ်ဖန် ဤလောကမှ ထွက်၍ ခမည်းတော်ထံသို့ သွားဦးမည်ဟု မိန့်တော်မူ၏။"
- ရှင်ယောဟန် ၁၇: ၈ "အကြောင်းမူကား၊ အကျွန်ုပ်အား ပေးတော်မူသမျှသော အရာတို့ကို သူတို့အား အကျွန်ုပ်ပေး၍ သူတို့သည်ခံယူသဖြင့်၊ အကျွန်ုပ်သည် အထံတော်မှကြွလာသည်ကို

အတပ်သိကြသည်နှင့် ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူသည် ယုံကြည်ပါ၏။"

ဖြစ်စဉ်တိုင်း၌ ခမည်းတော်ဘုရားထံမှ ကြွလာကြောင်းနှင့် ဤလောကသို့ စေလွှတ်ခြင်းခံရကြောင်း (ဤအချက်နှစ်ချက်) ကို စကားဆက်များနှင့် ခွဲ၍ ရေးထားကြောင်းတွေ့ရသည်။ (စကားချပ်။ ။အင်္ဂလိပ်လို ကျမ်းချက်များကို ဖတ်ပါက သာ၍ရှင်းလင်းပါသည်။) ဤအချက်က ခွဲထားသော ဖြစ်စဉ်နှစ်ခုဖြစ်သည့် ဤလောကသို့ စေလွှတ်ခံရခြင်းနှင့် ကောင်းကင်၌ တစ်ပါးတည်းသော သားတော်ဖြစ်ကြောင်းကို ရှင်းလင်းစေပါသည်။ ယေရှုသည် ဘုရားသခင်၏ တစ်ပါးတည်းသော သားတော်၊ ကောင်းကင်နိုင်ငံတော်၏ မင်းသား၊ ဘုရားသခင်၏ လမ်းခရီးအစမှ စကြာဝဠာတစ်ခုလုံး မဖန်ဆင်းမှီက ရှိနှင့်ပြီးသော သူဖြစ်နေခဲ့၊ ဖြစ်နေဆဲ ဖြစ်ပါသည်။

## ခရစ်တော်၏ ဘုရားဇာတိ

ထာဝရကာလထဲတွင် ခမည်းတော်ဘုရားက သားတော်ကို မွေးဖွားစေခဲ့သည့် အချိန်ရှိခဲ့ကြောင်း ခရစ်တော်၏ သက်သေခံချက်များက ဖော်ပြထားပါသည်။ ထို့ကြောင့် ခမည်းတော်ဘုရားတွင် မူလအစမရှိသော်လည်း ခရစ်တော်၏ မူလအစရှိခဲ့ပါသည်။ ဤအချက်က ခရစ်တော်၏ ဘုရားဇာတိကို ယုတ်လျော့သွားစေခြင်းမျိုး ရှိစေသလား။ လုံးဝ မရှိစေပါ။

- ရှင်ယောဟန် ၅:၂၆ "အကြောင်းမူကား၊ ကိုယ်၌အသက်ရှိတော်မူသည်နည်းတူ၊ သားတော်သည် မိမိ၌ အသက်ရှိရသော အခွင့်ကို ပေးတော်မူ၏။

- ကောလောသဲ ၁: ၁၉ “အကြောင်းမူကား၊ ခပ်သိမ်းသော ပြည့်စုံခြင်းကို သားတော်၌ ကျိန်းဝပ်စေခြင်းငှာလည်းကောင်း၊”

ခမည်းတော်ဘုရား သားတော်၌ ကျိန်းဝပ်စေလိုသော ခပ်သိမ်းသော ပြည့်စုံခြင်းက ဘာဖြစ်မလဲ။

- ကောလောသဲ ၂: ၉ “အကြောင်းမူကား၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏။

မှတ်ရန်။ ။ ဘုရားသခင်၏ ဇာတိ ဟူသော စကားလုံးသည် ဂရိစကား theotes (G2320)မှ ဆင်းသက်လာပြီး၊ အင်္ဂလိပ်လို Deity ဘုရားဇာတိ၊ ဘုရားဖြစ်ခြင်းဟု အဓိပ္ပာယ်ရပါသည်။ ခရစ်တော်သည် ခမည်းတော်ဘုရားကိုယ်တိုင်၏ အသက်မှ မွေးဖွားလာခြင်းဖြစ်ပါသည်။ ခမည်းတော်ဘုရား၏ ကိုယ်၌ရှိသော ထာဝရအသက်၊ ဘုရားဖြစ်ခြင်း၊ ခပ်သိမ်းသော ပြီးပြည့်စုံခြင်းဖြင့် သားတော် မွေးဖွားတည်ရှိလာခြင်းသည် ခမည်းဘုရားကို ဝမ်းမြောက်ကျေနပ်စေပါသည်။ လူသားဖခင်သည် လူသား သားငယ်ကို မွေးဖွားသကဲ့သို့ ခမည်းတော်ဘုရားသည် သားတော်ဘုရားကို မွေးဖွားစေခြင်းပင် ဖြစ်ပါသည်။

ရှင်ယောဟန် ၁: ၁ က ဤအချက်ကို မူရင်း ဂရိဘာသာတွင်” ဘုရား”ဟူသော စကားလုံးကို ပထမဆုံးအကြိမ် (သဒ္ဒါနည်းအရ definite article ဖြစ်သော the ကို) အသုံးပြု၍ လှပစွာရေးသားထားပါသည်။ ပိုမိုတိကျစွာ ဘာသာပြန်ပါက အောက်ပါအတိုင်း ဖြစ်ပါမည်။

“In the beginning was the word, and the Word was with ***the God***, and the Word was God.”

(စကားချပ်။ ။ မြန်မာဘာသာတွင် “The” သပ်သပ်ပါအောင် ဘာသာပြန်ရန် မဖြစ်နိုင်သောကြောင့် စာဖတ်သူများ နားလည်စေရန် မူရင်းစာရေးသူ ရေးသည့်အတိုင်း ပြန်ထည့်လိုက်ပါသည်။ အင်္ဂလိပ်ဗားရှင်း ကျမ်းစာများတွင် အထက်ပါ ကျမ်းချက်၌ “The God” ဟုရေးမထားပါ။ “God” ဟုသာ ရေးသားထားပါသည်။ အင်္ဂလိပ် သဒ္ဒါနည်းအရ အဓိပ္ပာယ်လေးနက်မှု ကွာသွားပါသည်။)

ဒီစာကြောင်းက အင်္ဂလိပ်လိုတော့ နည်းနည်းရယ်စရာကောင်းသလို ဖြစ်သွားပါတယ်။ ဒါကြောင့် ဒီလိုပဲပြန်လိုက်တယ်လိုထင်ပါတယ်။ (The မပါဘဲ ပြန်သည်ဟု ဆိုလိုသည်။) ဒါပေမယ့် ကျမ်းချက်ကိုတော့ ရှင်းလင်းသွားစေပါတယ်။ အစအဦးမှာ ယေရှုဟာ တစ်ပါးတည်းသော မှန်ကန်သော ဘုရားသခင်၊ အရာအားလုံး၏ အရင်းမြစ်ဖြစ်တဲ့ သူ့ရဲ့ခမည်းတော်ဘုရားနဲ့ အတူရှိနေခဲ့ပါတယ်။ ဒါပေမယ့် ယေရှုကိုယ်တိုင်သည် ဘုရားဇာတိရှိတဲ့ ဘုရားဖြစ်ပါတယ်။ သူ့မှာ လုံးလုံးဘုရားဇာတိအပြည့်ရှိပါတယ်။

- ဟေဗြဲ ၁: ၄-၅ “ ကောင်းကင်တမန်တို့ရသော ဘွဲ့နာမထက်ထူးမြတ်သော ဘွဲ့နာမတော်ကို **ခံရသည်နှင့်အညီ**၊ ကောင်းကင်တမန်တို့ထက် ကြီးမြတ်သောသူ ဖြစ်တော်မူ၏။ အကြောင်းမူကား၊ သင်သည် **ငါ့သား**ဖြစ်၏။ ယနေ့ပင် **သင့်ကို ငါဖြစ်ဖွားစေပြီ** ဟူ၍လည်းကောင်း၊ **ငါသည်**သူ၏ အဘဖြစ်မည်၊ သူသည်လည်း **ငါ၏သား**ဖြစ်လိမ့်မည့် ဟူ၍လည်းကောင်း၊ အဘယ်မည်သော ကောင်းကင်တမန်ကို တစ်ခါမျှ မိန့်တော်မူသနည်း။”

ယေရှုက သူ့ခမည်းတော်၏ ဘုရားဇာတိကို အမွေဆက်ခံရသောကြောင့် သူသည်လည်း ဘုရားဖြစ်ပါသည်။ သို့သော်လည်း ခမည်းတော်ဘုရားသည် အရာအားလုံး၏ အရင်းမြစ်ဖြစ်ပြီး၊ မူလအစမရှိသောကြောင့် စစ်မှန်သော တစ်ပါးတည်းသော ဘုရား၊ သခင်၊ အနန္တဘုန်းတန်ခိုးနှင့် ပြည့်စုံသော ဘုရားသခင်ဖြစ်ပါသည်။ အပိုဒ်ငယ် ၈ နှင့် ၉ တွင် ယေရှုသည် ဘုရားဖြစ်သကဲ့သို့ ခမည်းတော်သည်လည်း ဘုရားဖြစ်ကြောင်း တွေ့ရပါသည်.

- ဟေဗြဲ ၁: ၈-၉ " သားတော်ကိုကား၊ အိုဘုရားသခင်၊ ကိုယ်တော်၏ ပလ္လင်သည် နိစ္စထာဝရ ပလ္လင်ဖြစ်ပါ၏။ ကိုယ်တော်၏ နိုင်ငံသည် တရားသဖြင့် စီရင်သော နိုင်ငံဖြစ်ပါ၏။ ကိုယ်တော်သည် ဖြောင့်မတ်ခြင်းတရားကို နှစ်သက်၍ မတရားသောအမှုကို မုန်းတော်မူ၏။ ထိုကြောင့် **အိုဘုရားသခင်၊ ကိုယ်တော်၏ ဘုရားသခင်သည်** ကိုယ်တော်၏ အပေါင်းအဖော်တို့ထက် ကိုယ်တော်ကို ချီးမြှောက်၍၊ ဝမ်းမြောက်ခြင်းဆီနှင့် ဘိသိက်ပေးတော်မူပြီဟုလာသတည်း။"

ယေရှုသည် လုံးလုံးဘုရားဖြစ်၍၊ ဘုရားသခင်၏ သားတော်အနေဖြင့် ကိုးကွယ်ရန် ထိုက်တန်သည် ဖြစ်စေကာမူ၊ ယေရှုအတွက်လည်း ဘုရားသခင် ရှိပါသည်။ သူ၏ခမည်းတော်သည် သူ၏ဘုရားသခင်ပင် ဖြစ်ပါသည်။

- ရှင်မဿဲ ၂၇: ၄၆ "သုံးချက်တီးအချိန်၌ ယေရှုက … "အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ့်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း"ဟု ကြီးသောအသံနှင့် ကြွေးကြော်တော်မူ၏။
- ရှင်ယောဟန် ၂၀: ၁၇ "ယေရှုကလည်း၊ "ငါ့ကိုမဖက်နှင့်ဦး။ ငါသည်ငါ့ခမည်းတော်ထံသို့ မသွားရသေး။ ငါ့ညီတို့ရှိရာသို့ သွားလော့။ **ငါ၏ခမည်းတော်တည်းဟူသော သင်တို့၏ခမည်းတော်၊ ငါ၏**

**ဘုရားသခင်တည်းဟူသော သင်တို့၏ ဘုရားသခင့်**ထံတော်သို့ ငါတက်ရမည်အကြောင်းအရာကို ကြားပြောကြလော့” ဟု မိန့်တော်မူသည်နှင့် အညီ။”

- ရောမ ၁၅: ၅ “သင်တို့သည် ငါတို့သခင် **ယေရှုခရစ်တော်၏ ခမည်းတော်တည်းဟူသော ဘုရားသခင်ကို** တညီတညွတ်တည်း နှုတ်မြွက်၍ ချီးမွမ်းစေခြင်းငှာ။” (စကားချပ်။ ။အင်္ဂလိပ်ကျမ်းတွင် အပိုဒ်ငယ် ၆ ဖြစ်ပါသည်။)
- ၁ကော ၁၁: ၃ “ယောကျာ်း၏ ခေါင်းကား ခရစ်တော်ဖြစ်သည်ကို လည်းကောင်း၊ မိန်းမ၏ ခေါင်းကား ယောကျာ်းဖြစ်သည်ကိုလည်းကောင်း **ခရစ်တော်၏ ခေါင်းကား ဘုရားသခင်** ဖြစ်တော်မူသည်ကိုလည်းကောင်း၊ သင်တို့သိမှတ်စေခြင်းငှာ ငါအလိုရှိ၏။”
- ဧဖက် ၁: ၄ “... ခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ (အင်္ဂလိပ်ကျမ်းတွင် အပိုဒ်ငယ် ၃ ဖြစ်ပါသည်။) ၂ကော ၁၁: ၃၁, ၂ကော ၁: ၃, ကောလောသဲ ၁: ၃, ၁ပေတရု ၁: ၃
- ဧဖက် ၁: ၁၇ “ဆုတောင်းသော အချက်ဟူမူကား၊ ငါတို့သခင် **ယေရှုခရစ်တော်၏ ဘုရားသခင်** ဖြစ်တော်မူသော **ဘုန်းကြီးသော အဘခမည်းတော်သည်** ကိုယ်တော်မြတ်ကို သိခြင်းအလို့ငှာ ပညာကိုလည်းကောင်း၊ ထိုးထွင်းသောဉာဏ်ကိုလည်းကောင်း၊ သင်တို့အား ပေးပါမည်အကြောင်း၊”
- ဗျာဒိတ်ကျမ်း ၁: ၅-၆ “... ငါတို့ကိုချစ်၍ မိမိအသွေးနှင့် ငါတို့အပြစ်များကို ဆေးကြောတော်မူ၍၊ မိမိခမည်းတော် ဘုရားသခင်သခင့်ရှေ့၌ ငါတို့ကို

ရှင်ဘုရင်အရာ၌လည်းကောင်း၊ ယဇ်ပုရောဟိတ်အရာ၌လည်းကောင်း ခန့်ထားတော်မူသောသူသည်၊ ကမ္ဘာအဆက်ဆက် ဘုန်းအသရေ၊ အစွမ်းသတ္တိရှိတော်မူစေသတည်း။ အာမင်။”

- ဗျာဒိတ်ကျမ်း ၃: ၁၂ “အကြင်သူသည် အောင်မြင်၏။ ထိုသူကို ငါသည် **ငါ၏ဘုရားသခင့်**ဗိမာန်တော်၌ တိုင်ဖြစ်စေမည်။ နောက်တစ်ဖန် သူသည် ပြင်သို့မရွေ့ရ။ **ငါ၏ ဘုရားသခင့် နာမတော်ကိုလည်းကောင်း၊ ငါ၏ ဘုရားသခင့်**အထံတော်မှ ထွက်၍၊ ကောင်းကင်ဘုံမှ ဆင်းသက်သော ယေရှုရှလင်မြို့သစ်တည်းဟူသော၊ **ငါ၏ဘုရားသခင့်**မြို့တော်၏ နာမကိုလည်းကောင်း၊ ငါ၏နာမသစ်ကိုလည်းကောင်း၊ ထိုသူအပေါ်၌ ငါသည် အက္ခရာတင်မည်။”

ယေရှု၏ ခမည်းတော်သည် သူ၏ ဘုရားသခင်ပင်ဖြစ်သည်။ အကြောင်းမှာ ခမည်းတော်သည် ခရစ်တော်အပါဝင် အသက်အားလုံး၏ မူလအရင်းမြစ်ပင်ဖြစ်ပါသည်။ သို့သော်လည်း ခမည်းတော်က သူ၏သားတော်ကို သူ့ကောင်းချီးမင်္ဂလာများ၊ အစွမ်းတန်ခိုးများကို သူဖန်ဆင်းထားသော အရာအားလုံးသို့ ထင်ရှားစေခြင်းငှာ ကြားခံလမ်းကြောင်းအဖြင့် မွေးဖွားစေခဲ့ပါသည်။ ခမည်းတော်ဘုရားနှင့် သားတော်ဘုရား၏ ဆက်ဆံရေးကို သိနားလည်ခြင်းသည် ဘုရားဇာတိ၏ အခြေခံအုတ်မြစ် ဖြစ်ပါသည်။ ထို့ကြောင့် စာတန်မာရ်နတ်သည် ခရစ်တော်၏ သားဖြစ်ခြင်း အမှန်တရားကို လူတို့၏စိတ်ထဲတွင် ရှုပ်ထွေးမေးမှိန်စေရန် အပြင်းထန် ရှာဖွေလျက်ရှိခြင်း ဖြစ်ပါသည်။

တောထဲ၌ စုံစမ်းသွေးဆောင်ခြင်း ခံနေရချိန်တွင် ခရစ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း အမှန်တရားကို စာတန်မာရ်နတ် တိုက်ခိုက်ခဲ့သည်မှာ

မထူးဆန်းပါ။ ယေရှုကိုအောင်နိုင်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ယေရှုကို သူ၏ဖြစ်တည်မှု သံသယရှိစေပြီး၊ ခမည်းတော်ဘုရားအပေါ် ယုံကြည်မှုကို လက်လျော့စေခြင်းမှ တစ်ပါး အခြားမရှိကြောင်း နတ်ဆိုးက သိနေသောကြောင့် ဖြစ်ပါသည်။

- ရှင်မဿဲ ၄: ၃ "... ကိုယ်တော်သည် ဘုရားသခင်၏ သားတော်မှန်လျှင်၊ ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေခြင်းငှာ အမိန့်ရှိတော်မူပါဟု လျှောက်လေ၏။"
- ရှင်မဿဲ ၄: ၆ "...ဘုရားသခင်၏ သားတော်မှန်လျှင် ကိုယ်ကိုအောက်သို့ချလိုက်တော်မူပါဟု လျှောက်လေ၏။"

ကျဆုံးခဲ့သော ကောင်းကင်တမန်များကလည်း ကိုယ်တော်သည် မည်သူဖြစ်ကြောင်း သိကြပါသည်။

- ရှင်မာကု ၅: ၂, ၇ "ယေရှုသည် လှေထဲက ထွက်ကြွတော်မူသည် ခဏချင်းတွင်၊ ညစ်ညူးသောနတ်ဆိုးစွဲသောသူသည် သင်္ချိုင်းတစပြင်မှ ထွက်လာ၍ ကိုယ်တော်ကို ခရီးဦးကြိုပြုလေ၏။ ၇။ **အမြင့်ဆုံးသော ဘုရားသခင်၏သားတော် ယေရှု**၊ ကိုယ်တော်သည် အကျွန်ုပ်နှင့် အဘယ်သို့ ဆိုင်သနည်း။ အကျွန်ုပ်ကို ညှဉ်းဆဲတော်မမူမည်အကြောင်း ဘုရားသခင်ကို အမှီပြု၍ အကျွန်ုပ်တောင်းပန်ပါသည်ဟု ကြီးသောအသံနှင့် အော်ဟစ်၍လျှောက်လေ၏။"
- ရှင်လုကာ ၄: ၄၁ "နတ်ဆိုးတို့ကလည်း၊ **ကိုယ်တော်သည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူ၏**ဟု ဟစ်ကြော်လျက် လူများမှ ထွက်သွားကြ၏။ ကိုယ်တော်သည်

ခရစ်တော်ဖြစ်ကြောင်းကို သူတို့သိကြသောကြောင့် စကားတစ်ခွန်းကိုမျှ မပြောစေခြင်းငှာ မြစ်တားတော်မူ၏။"

ခရစ်တော်သည် သူ၏ဖြစ်တည်မှုကို ကြေငြာသောကြောင့် ညှင်းပမ်းနှိပ်စက်ခြင်းကို ခံခဲ့ရပါသည်။

- ရှင်ယောဟန် ၁၀: ၃၆ "ခမည်းတော်သည် သန့်ရှင်းစေ၍၊ ဤလောကသို့ စေလွှတ်တော်မူသောသူက၊ **ငါသည် ဘုရားသခင်၏ သားတော်ဖြစ်သည်ဟု** ဆိုသောကြောင့်၊ သင်သည် ဘုရားသခင်ကို လွန်ကျူး၍ပြောသည်ဟု ထိုသူအားဆိုရာသလော။"
- ရှင်ယောဟန် ၁၉: ၇ "ယုဒလူတို့က၊ **ဤသူသည် ဘုရားသခင်၏သားတော်** ဖြစ်ယောင်ဆောင်သောကြောင့် အကျွန်ုပ်တို့၌ရှိသော ဓမ္မသတ်အတိုင်း သေထိုက်ပါသည်ဟု လျှောက်ကြ၏။"
- ရှင်မဿဲ ၂၆: ၆၃ "ယေရှုသည် တိတ်ဆိတ်စွာနေတော်မူ၏။ ယဇ်ပုရောဟိတ်မင်းကလည်း **သင်သည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏ သားတော်**မှန်သည် မမှန်သည်ကို ငါတို့အားပြောစေခြင်းငှာ၊ အသက်ရှင်တော်မူသော ဘုရားသခင်ကို ငါတိုင်တည်၍ သင့်ကို ကျိန်ဆိုစေ၏ဟု ဆိုလျှင်"
- ရှင်လုကာ ၂၂: ၇၀ "ထိုသူအပေါင်းတို့က၊ သို့ဖြစ်၍ **သင်သည် ဘုရားသခင်၏ သားတော်**မှန်သည် တကားဟုဆိုကြလျှင်၊ သင်တို့ဆိုသည်အတိုင်း မှန်သည်ဟု မိန့်တော်မူ၏။"
- ရှင်မဿဲ ၂၇: ၄၀ "**ဘုရားသခင်၏ သားတော်**မှန်လျှင် လက်ဝါးကပ်တိုင်မှ ဆင်းလော့ဟု မိမိတို့ခေါင်းကို ညိတ်၍ ကဲ့ရဲ့သောစကားနှင့် ပြောဆိုကြ၏။"

- ရှင်မဿဲ ၂၇: ၅၄ "ယေရှုကိုစောင့်သောတပ်မှူးမှစ၍ စစ်သူရဲများတို့သည် မြေကြီးလှုပ်ခြင်းစသည်တို့ကိုမြင်လျှင် အလွန်ထိတ်လန့်၍၊ စင်စစ် **ဤသူသည် ဘုရားသခင်၏သားတော်**မှန်ပေ၏ဟု ဆိုကြ၏။"

ဤအချက်သည် ကျွန်ုပ်တို့ ကယ်တင်ခြင်းခံရစေသော တစ်ခုတည်းသော ယုံကြည်ခြင်းဖြစ်သည်။

- ရှင်ယောဟန် ၃: ၁၆, ၁၈ "**ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ**၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။
- ၁၈။ သားတော်ကို ယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကို မခံရ။ မယုံကြည်သောသူမူကား၊ **ဘုရားသခင်၌ တစ်ပါးတည်းသော သားတော်**ကို မယုံကြည်သောကြောင့် ယခုပင် အပြစ်စီရင်ခြင်းကိုခံရ၏။
- ရှင်ယောဟန် ၂၀: ၃၁ "ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ကို သင်တို့သည် ယုံကြည်မည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက် ရေးထားလျက် ရှိသတည်း။"
- ၁ယောဟန် ၅:၁၀-၁၃ "**ဘုရားသခင်၏ သားတော်**ကို ယုံကြည်သောသူသည်၊ မိမိအထဲ၌ ထိုအသက်ကိုရ၏။ ဘုရားသခင်ကို မယုံကြည်သောသူမူကား၊ ဘုရားသခင်ကို မုသားအပြစ်တင်၏။ အဘယ်သို့နည်း ဟူမူကား၊ ဘုရားသခင်သည် မိမိသားတော်၏ အကြောင်းမှာ သက်သေခံတော်မူသော စကားတော်ကို

ထိုသူသည်မယုံဘဲနေ၏။ ၁၁ သက်သေခံတော်မူချက်ဟူမည်ကား၊ ဘုရားသခင် ငါတို့အား ထာဝရအသက်ကို ပေးတော်မူ၍၊ **ထိုအသက်သည်လည်း သားတော်၌ပါ၏။** ၁၂ **သားတော်ကို ရသောသူသည် အသက်ကိုရ၏**။ ဘုရားသခင်၏သားတော်ကို မရသောသူမူကား အသက်ကိုမရ။ ၁၃ **ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်**ဟု သိစေခြင်းငှာ၊ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏။

- ရှင်ယောဟန် ၅:၂၅ "ငါအမှန်ကန်ဆိုသည်ကား၊ သေလွန်သောသူတို့သည် ဘုရားသခင်သားတော်၏ စကားသံကိုကြား၍၊ ကြားသောအားဖြင့် အသက်ရှင်ရမည့်အချိန်ကာလသည် လာ၍ယခုပင် ရောက်လျက်ရှိ၏။"

ခမည်းတော်ဘုရားနှင့် ခရစ်တော်၏ စစ်မှန်သော ဆက်ဆံရေးကိုဖုန်းကွယ်နိုင်ရန် စာတန်မာရ်နတ် အပြင်းထန်ကြိုးစားရခြင်း၏ အကြောင်းရင်းတစ်ခုမှာ ထိုဆက်ဆံရေးကို နားလည်ခြင်းသည် ကျွန်ုပ်တို့နှင့် ခမည်းတော်ဘုရား၏ ဆက်ဆံရေးကို အကျိုးသက်ရောက်စေသောကြောင့် ဖြစ်သည်။ ဘုရားသခင်က နှုတ်ကပတ်တော်ထဲတွင် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းသည် "**ယေရှု၏ ယုံကြည်ခြင်း**"မျိုးရှိခြင်း အပေါ်၌ မူတည်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

- ဂလာတိ ၂: ၁၆ "**ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ကြသည်**ကို၊ အပြစ်ထင်ရှားသော တစ်ပါးအမျိုးသားမဟုတ်ဘဲ၊ ဇာတိအမျိုးအားဖြင့် ယုဒလူဖြစ်သော ငါတို့သည် အမှန်သိသည်နှင့်အညီ ပညတ်တရား၏ အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့မရောက်၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်စေခြင်းငှာ၊ ငါတို့ပင်

ယေရှုခရစ်တော်ကို ယုံကြည်ကြပြီ။ အကြောင်းမူကား၊ ပညတ်တရား၏ အကျင့်အားဖြင့် အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်နိုင်ရာ။

- ရောမ ၃: ၂၁, ၂၂ "ယခုမူကား၊ ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့သည် သက်သေခံသည်နှင့်အညီ၊ ပညတ်တရားနှင့် မစပ်ဆိုင်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားတည်းဟူသော၊ ၂၂ **ယေရှုခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်၊** ယုံကြည်သောသူအပေါင်းတို့အဖို့ ဖြစ်၍၊ ထိုသူအပေါင်းတို့အပေါ်သို့ ရောက်သော ဘုရားသခင်၏ **ဖြောင့်မတ်ခြင်းတရား**သည် ထင်ရှားခဲ့ပြီ။ ခြားနားခြင်းအလျှင်းမရှိ။
- ဖိလိပ္ပိ ၃:၁၁ "ပညတ်တရားအားဖြင့် ရသော ကိုယ်ဖြောင့်မတ်ခြင်း ကို မကိုးစားဘဲ၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ရသာ ဖြောင့်မတ်ခြင်း တည်းဟူသောယုံကြည်ခြင်းအတွက်ကြောင့် ဘုရားသခင် ပေးတော်မူသော ဖြောင့်မတ်ခြင်းကို ကိုးစားသဖြင့်၊"
- ဗျာဒိတ်ကျမ်း ၁၄: ၁၂ "ဘုရားသခင်၏ ပညတ်တို့ကိုလည်းကောင်း၊ **ယေရှု၏ ယုံကြည်ခြင်း**ကိုလည်းကောင်း၊ စောင့်ရှောက်သော သန့်ရှင်းသူတို့သည် ဤအရာ၌ သည်းခံစရာအကြောင်းရှိ၏။

ယေရှု၌ ရှိသောယုံကြည်ခြင်း၊ သူကိုယ်တိုင် ကျွန်ုပ်တို့အထဲတွင် သွင်းပေးလိုသော ယုံကြည်ခြင်းမျိုးကို ကျွန်ုပ်တို့ နားလည်သိမြင်ရန် စာတန်အလိုမရှိကြောင်း ကျွန်ုပ်တို့ တွေ့ရပါသည်။ ယေရှု၌ရှိသော ယုံကြည်ခြင်းသည် ခမည်းတော်ဘုရား၌ ယေရှု၏ ယုံကြည်ခြင်းပင်ဖြစ်သည်။ စာတန်မာရ်နတ်သည် ကျွန်တော်တို့ ဖြောင့်မတ်ခြင်း၊ မှန်ကန်ခြင်းနှင့် ထာဝရအသက် ကျွန်တော်တို့ကို လုံးဝမရရှိစေလိုပါ။

သို့ဖြစ်သောကြောင့် ယေရှု၏ ယုံကြည်ခြင်း ဆိုသည်မှာ အဘယ်နည်း။ ယေရှု၏ ယုံကြည်ခြင်းဆိုသည်မှာ ခမည်းတော်ဘုရား၏ အလိုတော်၌ အချိန်မရွေး၊ အမြဲတစေ လုံးလုံးလျားလျား ယုံကြည်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် နှစ်သက်ခြင်းပင်ဖြစ်ပါသည်။

- ရှင်ယောဟန် ၅: ၃၀ "ငါသည် ကိုယ်အလိုအလျောက် **ဘယ်အမှုကိုမျှမပြုနိုင်**။ ငါသည် ကြားသည်အတိုင်း တရားစီရင်၏။ ငါစီရင်ခြင်းသည်လည်း တရားတော်နှင့် ညီညွတ်၏။ အကြောင်းမူကား၊ **ငါသည်ကိုယ်အလိုသို့မလိုက်**၊ ငါ့ကို စေလွှတ်တော်မူသော **ခမည်းတော်၏ အလိုတော်သို့** လိုက်၏။
- ရှင်ယောဟန် ၁၂: ၄၉, ၅၀ "အကြောင်းမူကား **ငါသည် ကိုယ်အလိုအလျောက် ဟောပြောသည်မဟုတ်**။ ငါ့ကိုစေလွှတ်တော်မူသော ခမည်းတော်သည် အဘယ်သို့ ငါဆိုံးမဟောပြောရမည်ကို ပညတ်ပေးတော်မူပြီ။ **ခမည်းတော်၏ ပညတ်တော်သည် ထာဝရအသက်ဖြစ်သည်ကို ငါသိ၏**။ ၅၀ ထို့ကြောင့် ဟောပြောသမျှတို့ကို ခမည်းတော်မှာထားတော်မူသည်အတိုင်း ငါဟောပြောသည်ဟု ကြွေးကြော်၍ မိန့်တော်မူ၏။
- ရှင်ယောဟန် ၁၄: ၁၀ "ငါသည် ခမည်းတော်၌ရှိသည်ကိုလည်းကောင်း၊ ခမည်းတော်သည် ငါ၌ရှိတော်မူသည်ကိုလည်းကောင်း၊ **ငါဟောပြောသောစကားကို ကိုယ်အလိုလျောက် ငါဟောပြောသည်မဟုတ်။** ငါပြုသောအမှုတို့ကိုကား၊ ငါ၌ရှိတည်နေတော်မူသော ခမည်းတော်သည် ပြုတော်မူ၏။

- ရှင်ယောဟန် ၆: ၃၈ "အကြောင်းမူကား၊ **ငါသည် ကိုယ်အလိုသို့လိုက်ခြင်းငှာ ကောင်းကင်မှ ဆင်းသက်သည်မဟုတ်။ ငါ့ကို စေလွှတ်တော်မူသောသူ၏ အလိုတော်သို့လိုက်ခြင်းငှာ** ဆင်းသက်၏။"
- ရှင်ယောဟန် ၇: ၁၆-၁၈ "ယေရှုကလည်း ငါဟောသော ဒေသနာသည် ငါ၏ဒေသနာမဟုတ်။ ငါ့ကိုစေလွှတ်တောမူသောသူ၏ ဒေသနာဖြစ်၏။ ထိုသူ၏ အလိုတော်သို့ လိုက်ချင်သောသူမည်သည်ကား၊ ဤဒေသနာသည် ဘုရားသခင်၏ ဒေသနာတော်ဖြစ်သလော၊ ငါသည် ကိုယ်အလိုလျောက်ဟောပြောသလောဟု ပိုင်းခြား၍သိလိမ့်မည်။ ကိုယ်အလိုလျောက်ဟောပြောသောသူသည် မိမိဘုန်းသရေကိုရှာတတ်၏။ မိမိကိုစေလွှတ်တော်မူသောသူ၏ ဘုန်းအသရေကို ရှာသောသူမူကား၊ ယုံလောက်သောသူဖြစ်၏။ ထိုသူ၌မုသားမရှိ။"

ယေရှု၏ ယုံကြည်ခြင်းနှင့် စာတန်မာရ်နတ်၏ အလုပ် လုပ်ကိုင်ဆောင်ရွက်ပုံ ဆန့်ကျင်ဘက်ဖြစ်ကြောင်းကို နှိုင်းယှဉ်သတိပြုပါ။

- ရှင်ယောဟန် ၈: ၄၄ "သင်တို့သည် သင်တို့အဘတည်းဟူသော မာရ်နတ်မှ ဆင်းသက်ကြ၏။ သင်တို့အဘ၏အလိုသို့လည်း လိုက်တတ်ကြ၏။ မာရ်နတ်သည် ရှေးဦးစွာမှစ၍ လူအသက်ကို သတ်သောသူဖြစ်၏။ **သူ၌သစ္စာတရားမရှိ**သောကြောင့် **သစ္စာတရား၌မတည်မနေ**၊ သူသည် **မုသားစကားကိုပြောသောအခါ မိမိပကတိအတိုင်းပြော၏။** မုသားစကား၌ ကျင်လည်သောသူဖြစ်၏။ **မုသား၏အဘ**လည်းဖြစ်၏။"

ဘုရားသခင်သာလျှင် သစ္စာတရား၏ မူလအရင်းမြစ်ဖြစ်ပါသည်။ ထိုသစ္စာတရားကို သားတော်မှတဆင့် ကျွန်တော်တို့အထဲတွင် သွင်းပေးထားပါသည်။ သို့သော် စာတန်မာရ်နတ်က ထိုဘုရားသခင်၏ အလုပ် လုပ်ဆောင်ပုံ ငြင်းပယ်ခဲ့ပါသည်။

သူက မိမိအလိုအတိုင်း စကားပြောလာကာ၊ ပြောသောစကားများသည်လည်း အမှန်တရား၏ ပြင်ပအရာများသာဖြစ်လာသည်။ ထို့ကြောင့်သူသည် မုသား၏ အဘဖြစ်လာခဲ့သည်။ ထိုအချိန်မှစ၍ ယနေ့အချိန်ထိ စာတန်မာရ်နတ်သည် မိမိသဘောအတိုင်းစကားပြောလာပြီး၊ မိမိဘုန်းသရေကိုသာ ရှာခဲ့ပါတော့သည်။ သူ၌ သစ္စာတရားနှင့် ဖြောင့်မတ်ခြင်းတရားမရှိ။ ယောက်ျား၊ မိန်းမတို့သည်လည်း မိမိအလိုအတိုင်းစကားပြော၍ ဘုရားသခင်မပါမရှိပဲ ဖြောင့်မတ်ခြင်းနှင့် သစ္စာတရား တည်ရှိနိုင်ကြောင်းကို ယုံကြည်ကြစေရန် ဆက်လက်ကြိုးစားနေပါသည်။ ဤစိတ်နေသဘောထားသည် ယေရှုခရစ်၏ ယုံကြည်ခြင်းနှင့် တိုက်ရိုက် ဆန့်ကျင်ဘက်ဖြစ်နေပါသည်။

ယေရှု၏ ယုံကြည်ခြင်းမှာ ကျွန်တော်တို့သည် မိမိတို့ ပင်ကိုယ်ပကတိ၌ ကောင်းမြတ်ခြင်းမရှိ၊ သစ္စာတရားမရှိ၊ အသက်မရှိ။ ကောင်းမြတ်ခြင်းအလုံးစုံသည် စစ်မှန်သောအရင်းမြစ်ဖြစ်သည့် ခမည်းတော်ထံမှသာ လာရမည်ဟု ယုံကြည်သည်။ ယေရှုသည် ဖန်ဆင်းခံအရာအားလုံး ဖြစ်တည်လာရာလမ်းကြောင်း အဖြစ်ခန့်ထားခြင်းခံရသောသူဖြစ်သောကြောင့်၊ ကျွန်တော်တို့သည် ခမည်းတော်ထံမှ အရာအားလုံးကို သားတော်မှတဆင့် လက်ခံရရှိကြခြင်းဖြစ်ပါသည်။

ဘုရား၏ သဘောတော်ကို နားလည်သဘောပေါက်ခြင်းနှင့် ဤအရင်းမြစ်နှင့် ကြားခံလမ်းကြောင်းအကြား ဆက်နွယ်မှု ဆက်ဆံရေး၏ အမှန်တရားကို ကျွန်ုပ်တို့ အသက်တာ ထဲတွင် ဆုပ်ကိုင်ခြင်းသည် အပြစ်ကျေးကျွန်ဘဝမှ ကျွန်ုပ်တို့သည် မိမိကိုယ်မိမိ ကယ်တင်နိုင်ရန် စွမ်းအားမရှိကြောင်း ဝန်ခံနိုင်မည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ပါသည်။ သားတော်မှတစ်ဆင့် ခမည်းတော် ပေးထားသော အောင်မြင်သော အသက်တာကို လက်ခံနိုင်မည့် တစ်ခုတည်းသော နည်းလမ်းလည်းဖြစ်ပါသည်။

- ဖေက် ၁: ၄ "...ကောင်းကင်ဘုံနှင့်ဆိုင်သော အရာတို့၌ **ခပ်သိမ်းသော ဓမ္မမင်္ဂလာတို့ကို ခရစ်တော်အားဖြင့်** ငါတို့အား ပေးသနားတော်မူသော **ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည်** မင်္ဂလာရှိတော်မူစေသတည်း။"

## မိမိတို့ ပုံသဏ္ဌာန်တော်နှင့် အညီ

စာတန်မာရ်နတ်၏ ပုန်ကန်ခြင်းသည် ဘုရားသခင်၏ အလုပ် လုပ်ကိုင်ဆောင်ရွက်ပုံမှ ခွဲထွက်လိုသော ဆန္ဒကြောင့် ဖြစ်ကြောင်း ကျွန်တော်တို့ ဆွေးနွေးခဲ့ပြီးဖြစ်သည်။ သူက ခမည်းတော်နှင့် သားတော်ကြားက ဆက်ဆံရေးကို လက်မခံခဲ့ပါ။ ခမည်းတော်ထံမှ ခပ်သိမ်းသောအရာတို့ကို သားတော်မှတစ်ဆင့် လက်ခံရန် မိမိကိုယ်မိမိ ခရစ်တော်၌ အပ်နှံခြင်းဟာ အလိုမရှိခဲ့ချေ။ အသက်အတွက် ခရစ်တော်၌ မိမိကိုယ်မိမိ အပ်နှံရန် မလိုအပ်ဟူသော လိမ်လည်မှုကို သူက ကောင်းကင်တခွင် ကောင်းကင်တမန်များအကြား ပျံ့နှံ့စေခဲ့ပြီး၊ ကျမ်းစာဖော်ပြချက်အရ သုံးပုံတစ်ပုံသော ကောင်းကင်တမန်များက ထိုလိမ်လည်မှုကို ယုံကြည်ခဲ့ကြသည်။ (ဗျာဒိတ် ၁၂: ၄)

လူသားမျိုးနွယ်ကို ဖန်ဆင်းရမည့်အချိန် ရောက်လာသောအခါ ဘုရားသခင်၏ အစီစဉ်သည် မိမိတစ်ကိုယ်တည်း၏ ဆုံးဖြတ်ချက်မဟုတ်ခဲ့ပါ။

ကမ္ဘာဦးကျမ်း ၁: ၂၆,၂၇ "တစ်ဖန်**ဘုရားသခင်က၊ ငါတို့ပုံသဏ္ဌာန်နှင့်အညီ တသဏ္ဌာန်တည်း လူကို ဖန်ဆင်းကြစို့။** သူသည် ပင်လယ်ငါးတို့ကိုလည်းကောင်း၊ မိုးကောင်းကင်ငှက်တို့ကိုလည်းကောင်း၊ သားယဉ်တို့ကိုလည်းကောင်း၊

မြေတပြင်လုံးနှင့်တကွ၊ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုလည်းကောင်း အုပ်စိုးစေဟု အမိန့်တော်ရှိ၏။ ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ လူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျာ်း၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင်”

**ယောကျာ်းနှင့် မိန်းမ**

ခမည်းတော်နှင့် သားတော်သည် ဖန်ဆင်းခြင်းအလုံးစုံတွင် အတူတကွ လုပ်ဆောင်ကြသည်နှင့်အညီ လူသားမျိုးနွယ်ကို ဖန်ဆင်းသည့်အခါတွင်လည်း အတူတကွ လုပ်ဆောင်ခဲ့ကြပါသည်။ ခမည်းတော်ဘုရားက သားတော်ထံတွင် **“ဘုရားသခင်က၊ ငါတို့ပုံသဏ္ဍာန်နှင့်အညီ တသဏ္ဍာန်တည်း လူကို ဖန်ဆင်းကြစို့။”** ဟုပြောခဲ့ပါသည်။ ဤကျမ်းချက်သည် ခန္ဓာကိုယ် အသွင်ပြင်၊ ပေါက်ဖွားစေနိုင်သည့် အစွမ်းနှင့် ပို၍စွမ်းအားနည်းသော သတ္တဝါများအပေါ် ဩဇာလွှမ်းမိုးနိုင်စွမ်းတို့ကို ရည်ညွှန်းခြင်းဖြစ်သည်ဟုသာ ကျွန်တော်မှတ်ယူဖူးပါသည်။ အမှန်မှာထိုထက် များစွာ ပိုမိုလေးနက်၊ကြီးမြတ်ပါသည်။ “ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျာ်း၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင်”။ လူယောကျာ်း၊ လူမိန်းမကို ဖန်ဆင်းခြင်းသည် လူသားမျိုးနွယ်ကို ဘုရားသခင်၏ ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းရာ၌ အရေးပါသောအချက်ဖြစ်သည်။ ဤအချက်သည် မှန်းကြည့်ပါက ဘုရားသခင်၏ အလုပ် လုပ်ကိုင်ဆောင်ရွက်ပုံ ဖော်ညွှန်နေပါသည်။

စာတန်မာရ်နတ်သည် ကောင်းကင်တမန်တို့၏
စိတ်ကိုရှုပ်ထွေးစေခဲ့ပြီးဖြစ်သောကြောင့် ဘုရားသခင်က လူသားမျိုးနွယ်ကို ဖန်ဆင်းခြင်းဖြင့် အရင်းမြစ်နှင့် ကြားခံလမ်းကြောင်းအကြား ဆက်ဆံရေးဖြစ်သည့် သူနှင့် သားတော်၏ဆက်နွယ်မှု ဆက်ဆံရေးကို စကြာဝဠာတစ်ခုလုံးဆီ ဖော်ထုတ်ပြသရန် ရွေးချယ်ခဲ့ပါသည်။ (၁ကော ၁၁: ၁၀) ဤသည်မှာ ကျွန်ုပ်တို့ကို ဘုရားသခင်၏ ပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းရခြင်းအကြောင်း ဖြစ်ပါသည်။ လူသားမျိုးနွယ်ကို ဖန်ဆင်းရခြင်းသည် ကျွန်တော်တို့ သိနားလည်ထားသည်ထက် ပို၍ အရေးပါကြီးမြတ်သော အကြောင်းရင်း ရှိနေပါသည်။

ထို့ကြောင့် လူသားဖန်ဆင်းခြင်းအကြောင်းကို လေ့လာကြရအောင်။
ပထမအချက်က ဘာဖြစ်မလဲ?

- ထိုနောက်၊ ထာဝရအရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကိုဖန်ဆင်း၍၊ သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကိုမှုတ်တော်မူလျှင် **လူသည်** အသက်ရှင်သော သတ္တဝါဖြစ်လေ၏။

ဘုရားသခင်က အာဒံကို ဖန်ဆင်းခဲ့ပါသည်။ အသက်ရှင်သော ပထမဦးဆုံး လူသားဖြစ်ပါသည်။ သူသည် လူသားအသက်အားလုံး၏ အရင်းမြစ်ဖြစ်ရန် ဖြစ်သည်။ အာဒံအထဲတွင် လူသားသဘာဝ အပြည့်ဝရှိနေသည်ဟု ကျွန်တော်တို့ ပြောနိုင်ပါသည်။ သို့သော် ဘုရားသခင် အလုပ်မပြီးသေးပါ။ အာဒံတစ်ဦးတည်းက ဘုရားသခင်၏ ပုံသဏ္ဌာန်တော်ကို အပြည့်ဝ မထင်ရှားစေနိုင်ပါ။

- ကမ္ဘာဦးကျမ်း ၂: ၁၈ "ထာဝရအရှင်ဘုရားသခင်ကလည်း၊ ယောကျ်ားသည် တစ်ယောက်တည်းမနေကောင်း၊ **သူနှင့်တော်သော အထောက်မကို** သူ့အဖို့ငါလုပ်ဦးမည်ဟု အကြံရှိတော်မူ၏။

- ကမ္ဘာဦးကျမ်း ၂: ၂၁-၂၃ ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် လူကိုကြီးသောအိပ်ခြင်းဖြင့် အိပ်စေတော်မူ၍၊ လူသည် အိပ်ပျော်စဉ် **နံရိုးတစ်ချောင်း**ကို ဘုရားသခင်ထုတ်ပြီးလျှင်၊ ထိုအရိုးအစား အသားကို စေ့စပ်စေတော်မူ၏။ လူကလည်း၊ ယခုဤသူသည် ငါ့အရိုးထဲက အရိုး၊ ငါ့အသားထဲကအသားဖြစ်၏။ **လူထဲကထုတ်သောကြောင့်**ထိုသူကို **လူမိန်းမ**ဟုခေါ်ဝေါ်အပ်သည်ဟု ဆိုလေ၏။

ဧဝသည် အခြားလူသားမျိုးနွယ်အားလုံးနှင့်မတူ ခြားနားစွာ မွေးဖွားခဲ့ပါသည်။ သူမသည် လူယောကျ်ား၏ ကိုယ်ထည်၊ အသက်မှမွေးဖွားလာခြင်းဖြစ်ရာ ယောကျ်ား၏ သဘာဝတစ်ခု သူမအထဲ၌ ရှိနေပါသည်။

သူမအထဲတွင်လည်း လူသားဖြစ်မှု အပြည့်ဝတည်ရှိနေပါသည်။ သူမသည် အာဒံကဲ့သို့ပင် အပြည့်ဝလူသားဖြစ်ပါသည်။ ဤပုံစံမှာ သားတော်သည် ခမည်းတော်ဘုရား၏ အသက်မှဖြစ်ပွားသော တစ်ပါးတည်းသော သားတော်သည်လည်း ခမည်းတော်ဘုရားကဲ့သို့ လုံးလုံးဘုရားဖြစ်သည်နှင့် ဆင်တူပါသည်။ ပိုမိုထင်ရှားစေရန် အာဒံနှင့် ဧဝ၏ နာမည်များကို ထည့်သွင်းပါက ဤဆင်တူမှုကို ရှင်ယောဟန် ၁: ၁ အားဖြင့် ကိုပို၍နားလည်လာစေပါသည်။

- ရှင်ယောဟန် ၁: ၁ "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ။
- (လူသားများကဲ့သို့ အစားထိုးပါက) "အစအဦး၌ ဧဝရှိ၏။ ဧဝသည်လည်း လူသားနှင့်အတူရှိ၏။ ဧဝသည်လည်း လူသားဖြစ်၏။ သို့မဟုတ်
- အစအဦး၌ ဧဝရှိ၏။ ဧဝသည် အာဒံနှင့်အတူရှိ၏။ ဧဝသည်လည်း အာဒံဖြစ်၏။

ဧဝသည် မူလလူသား (ပထမဆုံး လူသား၊ လူသားမျိုးနွယ်တစ်ခုလုံး၏ အရင်းမြစ်) မဟုတ်ပါ။ သို့သော် သူမသည် အာဒံထက်ပို၍ လူသားမပီသဖြစ်မသွားပါ။ သူမသည် လုံးလုံးလူသားဖြစ်ပါသည်။ သဘောသဘာဝတွင် အာဒံကဲ့သို့ လုံးလုံးလျားလျား ဖြစ်သော်လည်း သူမ၌ ခြားနားသော ကိုယ်ရည်ကိုယ်သွေးရှိပါသည်။ သူမသည် သူ၏အစိတ်ပိုင်းတစ်ခုဖြစ်သည်။ သူ၏ အထောက်အမလည်းဖြစ်သည်။ သူမသည် ဖန်ဆင်းခံရပြီး၊ ကောင်းချီးမင်္ဂလာခံရမည့် လူသားမျိုးနွယ်တစ်ခုလုံး၏ ကြားခံလမ်းကြောင်း အနေဖြင့် မွေးဖွားခဲ့ပါသည်။

- ကမ္ဘာဦးကျမ်း ၃:၂၀ "ထိုအခါ လူသည် မိမိမယားကို ဧဝအမည်ဖြင့် မှည့်လေ၏။ အကြောင်းမူကား၊ သူသည် အသက်ရှင်သော သူအပေါင်းတို့၏ အမိဖြစ်သတည်း။

**ကောင်းချီးမင်္ဂလာ မြစ်ဖျား**

ဘုရားသခင် ဖန်ဆင်းသော ယောကျ်ား၊ မိန်းမ ဆက်နွယ်မှုသည် လှပသော အရင်းမြစ်နှင့် ကြားခံလမ်းကြောင်း ဆက်နွယ်မှုဖြစ်သော သူကိုယ်တိုင်နှင့် သားတော်ဘုရား၏ ဆက်နွယ်မှုကို ဖော်ညွှန်းနေပါသည်။ ယေရှုသည် ခမည်းတော်ဘုရား၏ ဘုရားအသက်တော်မှ မွေးဖွားခဲ့သကဲ့သို့၊ ဧဝသည်လည်း အာဒံ၏ လူသားအသက်မှ မွေးဖွားခဲ့ပါသည်။ ထိုအရာက သားတော်ကို ခမည်းတော်ထက် ဘုရားဖြစ်မှုတွင် ပို၍မပီသ ဖြစ်မသွားစေသကဲ့သို့၊ ဧဝသည်လည်း အာဒံထက်ပို၍ လူသား မပီသ ဖြစ်မသွားပါ။ ခမည်းတော်နှင့် သားတော်သည် တူညီသော အသက်၊ စိတ်ဝိညာဉ်ကို ဝေမျှသကဲ့သို့ လူသားတို့သည်လည်း ထို့အတူပင်ဖြစ်ပါသည်။ ဘုရားသခင်က

ထိမ်းမြားမင်္ဂလာဆောင်ခြင်း ဆက်ဆံရေးအားဖြင့် တစိတ်တဝမ်းတည်းဖြစ်မှုကို လူသားများ နားလည်စေ၍ခြင်းဖြင့် လောကကြီးကို ကောင်းချီးဖြစ်စေရန် ရည်ရွယ်ခဲ့ပါသည်။

- ကမ္ဘာဦးကျမ်း ၂:၂၄ "ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ့်မိဘကိုစွန့်၍၊ ကိုယ့်ခင်ပွန်း၌မှီဝဲသဖြင့်၊ ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်း ဖြစ်ရလိမ့်မည်။"
- ကောလောသဲ ၂:၂ "မေတ္တာခြင်းထုံးဖွဲ့၍၊ ခမည်းတော်ဘုရားနှင့် ခရစ်တော်၏ နက်နဲသောအရာကို နားလည်နိုင်သော ဝိစိကိစ္ဆာနှင့် ကင်းစင်သော ဉာဏ်၏စည်းစိမ်းအပေါင်းနှင့် ပြည့်စုံ၍၊"

လင်နှင့်မယား၏ တစ်လုံးတစ်ဝတည်းဖြစ်မှုသည် သူတို့၏ မတူထူးခြားသော ကိုယ်ရည်ကိုယ်သွေးကို ပျက်စီး မသွားစေသကဲ့သို့ ခမည်းတော်နှင့် သားတော်၌လည်း ထို့အတူပင်ဖြစ်ပါသည်။ လင်နှင့် မယားသည် တူညီသော တစိတ်တဝမ်းတည်းဖြစ်သည်ဟုဆိုရာတွင် ရည်ရွယ်ဦးတည်ချက်၊ လုပ်သောအလုပ် တူညီသည်ဟု ဆိုလိုပါသည်။ ခမည်းတော်နှင့် သားတော်သည်လည်း ထိုကဲ့သို့ပင် တစ်လုံးတစ်ဝတည်းဖြစ်ပါသည်။

- ရှင်ယောဟန် ၁၇:၂၂,၂၃ "ငါတို့သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ ... ၊ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူကြောင်းနှင့်၊ အကျွန်ုပ်ကို ချစ်တော်မူကြောင်းနှင့် သူတို့ကိုလည်း ချစ်တော်မူကြောင်းကို လောကီသားတို့သည် သိစေခြင်းငှာလည်းကောင်း၊"

ဧဝကို အာဒံ၏ နံရိုးဖြင့် ဖန်ဆင်းသည် ဆိုရာတွင် သူမသည် ကောင်းချီးမင်္ဂလာဖြစ်ရာလမ်းကြောင်းအဖြင့် ခန့်ထားခြင်းခံရကြောင်း၊ ယောကျ်ား၏ နှလုံးသားအနား ရင်အုံတွင် နားရန်ဖြစ်ကြောင်းနှင့်

သူ၏အနားနားတွင် အထောက်မအဖြစ်ရမည်ဟု ပုံဆောင်ခြင်းလည်း ဖြစ်ပါသည်။ ခမည်းတော်နှင့် သားတော်၏ ဆက်ဆံရေးကို ကျွန်တော်တို့ နားလည်သောအခါ၊ ဘုရားသခင် ရည်ရွယ်ထားသော တစ်ဦးအပေါ်တစ်ဦး အပ်နှံခြင်း ဆက်ဆံရေးသည် ကျွန်ခံခြင်း (မိန်းမသည် အမျိုးသမီးအခွင့်ရေးများ၊ လွတ်လပ်မှုများ လက်လွတ်စတေးရခြင်း) ဖြစ်သည်ဟူသော အတွေးနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်ကြောင်း နားလည်သိမြင်လာကြမည်ဖြစ်သည်။ ထိုသို့ နားလည်လာသောအခါ တစ်ဦးအပေါ်တစ်ဦး အပ်နှံခြင်း ဆက်ဆံရေးသည် အလွန်လှပလာပါလိမ့်မည်။

- ၁ကော ၁၁: ၃ "ယောကျ်ား၏ခေါင်းကား ခရစ်တော်ဖြစ်သည်ကိုလည်းကောင်း၊ **မိန်းမ၏ခေါင်းကား ယောကျ်ား**ဖြစ်သည်ကိုလည်းကောင်း၊ **ခရစ်တော်၏ ခေါင်းကား ဘုရားသခင်** ဖြစ်တော်မူသည်ကိုလည်းကောင်း၊ သင်တို့သည် သိမှတ်စေခြင်းငှာ ငါအလိုရှိ၏။"
- ရှင်ယောဟန် ၁: ၁၈ "ဘုရားသခင်ကို အဘယ်သူမျှ မမြင်စဖူးသော်လည်း၊ **ခမည်းတော်၏ရင်ခွင်၌ရှိသော တစ်ပါးတည်းသော သားတော်သည်** ဘုရားသခင်ကို ထင်ရှားစေမူပြီ။

ခမည်းတော်ဘုရားထံတွင် မိမိကိုယ်ကို အပ်နှံခြင်းသည် ကျွန်ခံခြင်းမျိုးမဟုတ်ဘဲ၊ ကောင်းချီးမင်္ဂလာတို့ ပြည့်စုံကြွယ်ဝသော နေရာသာဖြစ်ကြောင်း ယေရှုသိတော်မူပါသည်။

ရှင်ယောဟန် ၃: ၃၅ "**ခမည်းတော်သည် သားတော်ကို ချစ်တော်မူ၍၊ ခပ်သိမ်းသောအရာတို့ကို** သားတော်လက်သို့အပ်ပေးတော်မူပြီ။

ဤလုပသော လုပ်ဆောင်ပုံအရ ယောကျ်ားသည် သူ၏အိမ်သူအိမ်သားအပေါင်းတို့အတွက် ဝိညာဉ်ရေးခွန်အား၏ အရင်းမြစ်ဖြစ်ရန် ရည်ရွယ်ခြင်းခံသူဖြစ်သည်။ သူသည် မိန်းမအပေါ် အချစ်မေတ္တာ၊ လေးစားဂုဏ်ပြုမှု၊ ဝိညာဉ်ရေးရာ ကောင်းချီးမင်္ဂလာများကို သွန်းလောင်းပေးရန်ဖြစ်ပါသည်။ ခမည်းတော်သည် ဤကောင်းချီးမင်္ဂလာများကို သားတော်မှတစ်ဆင့် ခပ်သိမ်းသော ဖန်ဆင်းခံအရာများထံသို့ စီးဆင်းသွားစေသကဲ့သို့ မိန်းမမှတစ်ဆင့် ထိုကောင်းချီးမင်္ဂလာများသည် သားသမီးထံသို့၊ ဆွေမျိုးများ၊ မိတ်ဆွေများနှင့် အခြားသူများထံသို့ စီးဆင်းသွားရန်ဖြစ်ပါသည်။ မိန်းမသည် အခြားသူများအတွက် ကောင်းချီးမင်္ဂလာဖြစ်လာသောအခါ၊ ယေရှု၏ အမှုတော်သည် သူ၏ဦးခေါင်းဖြစ်သော ခမည်းတော် ဘုန်းထင်ရှားစေသကဲ့သို့ အိမ်ထောင်ဦးခေါင်းဖြစ်သော ယောကျ်ားကို ဘုန်းထင်ရှားစေပါသည်။ ထို့ကြောင့် ခရစ်တော်သည် ခမည်းတော်၏ ဘုန်းအသရေဖြစ်သကဲ့သို့ မိန်းမသည် ယောကျ်ား၏ ဘုန်းအသရေဖြစ်သည်ဟု ခေါ်ဆိုကြခြင်းဖြစ်ပါသည်။

- ဟေဗြဲ ၁: ၁-၃ "... ဘုရားသခင်သည်၊ ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့် ဗျာဒိတ်ပေးတော်မူပြီ။... ထိုသားတော်သည် ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဌာန်ဖြစ်၍၊ ...။"
- ၁ကော ၁၁: ၇-၈ "ယောကျ်ားသည် **ဘုရားသခင်၏ပုံသဏ္ဌာန်၊ ဘုန်းအသရေတော်**ဖြစ်သောကြောင့် မိမိခေါင်းကို မဖုံးရ။ **မိန်းမမူကား၊ ယောကျ်ား၏ ဘုန်းအသရေဖြစ်၏။** ယောကျ်ားသည် မိန်းမကြောင့်ဖြစ်သည်မဟုတ်၊ **မိန်းမသည် ယောကျ်ား**ကြောင့်ဖြစ်၏။"

## စာတန်မာရ်နတ်၏ မှားယွင်းသောပုံသက်သေ

သမ္မာကျမ်းစာထဲတွင် ဘုန်းအသရေသည် အကျင့်စာရိတ္တနှင့် သက်ဆိုင်ပါသည်။ စာတန်က ယောကျ်ားတို့၏ ဇာစ်မြစ်ဖြစ်တည်မှုကို နှစ်ပေါင်းများစွာ အပြင်းထန်တိုက်ခိုက်ခဲ့ရာ လူများစွာက လင်၊ယောကျ်ားဟုဆိုလိုက်လျှင် စိတ်ခံစားချက်မရှိသူ၊ မကြင်နာမနွေးထွေးတတ်သူ၊ ခက်ထန်သူ၊ တင်းကျပ်တိကျလွန်းသူ၊ အခြေနေများစွာတွင် ပျက်ကွက်တတ်သူများဖြစ် မြင်မိနေကြတော့သည်။ ထို့ကြောင့် မယား၊ မိန်းမတို့သည် ဆန့်ကျင်ဘက် အနေဖြင့် နွေးထွေးသူများ၊ ကြင်နာတတ်သူများ၊ စာနာစိတ်နှင့် ပြည့်ဝသူများ၊ သနားတတ်သူများနှင့် မိသားစုထဲတွင် မေတ္တာကြီးမားသူများအဖြစ် မြင်ကြပါသည်။ ဟောလီးဝုတ်က ဒီလိုအဖြစ်ပုံစံများကို များစွာအသုံးပြုလျက်၊ ယောကျ်ား၏ အနုတ်လက္ခဏာဆောင်သော စရိုက်များသည် မိသားစုတစ်ခု၏ ပျော်ရွှင်မှု သို့မဟုတ် နာကျင်မှု၏ အကြောင်းရင်း ဖြစ်စေတတ်ကြသည်။ ထို့ကြောင့် လူများစွာသည် ကောင်းကင်အဖထက်၊ မိခင်ကမ္ဘာမြေကြီးဟူသော စိတ်ကူးဘက်တွင် အလွယ်တကူ ပိုမိုယိမ်းယိုင်တတ်ကြခြင်း ဖြစ်သည်။ ဘုရားသခင်သည် ဖခင်ဖြစ်ကြောင်း ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးနှင့် မကြာသေးမီက ဆွေးနွေးကြရာ သူမက "ဒါပေမယ့် အခုချိန် ဒီကမ္ဘာကြီးမှာ တင်းမာမှုတွေ၊ သွေးအေးမှုတွေ၊ ဒေါသစိတ်တွေ အရမ်းများနေတယ်… ကျွန်မထင်တာတော့ လူသားတွေလိုအပ်နေတာက တစ်ဦးကိုတစ်ဦး စာနာထောက်ထားတတ်တဲ့

ချစ်ခင်တတ်တဲ့သူတွေအဖြစ် ကျွန်တော်တို့ကို ပြန်ယူဆောင်ပေးမယ့် မိခင်တစ်ယောက်ပါ” လို့ပြောခဲ့ဖူးပါတယ်။

ကျွန်တော်က ဒီကမ္ဘာကြီးလိုအပ်နေတဲ့ ချစ်ခြင်းမေတ္တာကို ကျွန်တော်တို့ရဲ့ ကောင်းကင်အဖဆီမှာ ရှာတွေ့နိုင်ပါတယ်လို့ မျှဝေခဲ့ပါတယ်။ ဒီအချက်ကို ဖုံးကွယ်ဖို့ဟာ စာတန်ရဲ့အကြီးမားဆုံးသော ဦးတည်ချက်တစ်ခု ဖြစ်နေပါတယ်။ ဒီအချက်အတွက် လိုအပ်တဲ့သက်သေအားလုံးကို ယေရှုရဲ့အသက်တာထဲမှာ တွေ့နိုင်ပါတယ်။ သူက ခမည်းတော်ရဲ့ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဍာန်ဖြစ်ပါတယ်။ ဣသရေလ သားသမီးတို့ကို ကြက်မက အတောင်အောက်တွင် ကြက်ကလေးများကို စုရုံးသကဲ့သို့ စုရုံးဖို့ တောင့်တနေခြင်းဟာ ယေရှုရဲ့အကျင့်စာရိတ္တတော် ဖြစ်ပါတယ်။( မဿဲ ၂၃: ၃၇) သူ့ကို မုန်းတီး၊ အသေသတ်ခဲ့သောသူများအတွက် အသက်ပေးခဲ့ခြင်း၊ မုန်းတီး၊ အသေသတ်နေကြစဉ်ပင် ခွင့်လွှတ်ပေးခဲ့ခြင်းသည် သူ့ခမည်းတော် ဘုရားသခင်၏ လူသားများအပေါ်ကြီးမားမြင့်မြတ်ခမ်းနားသော အချစ်မေတ္တာကို ရိုးရှင်းစွာ ဖော်ပြခြင်းပင် ဖြစ်ပါတော့သည်။

ဖခင်များနှင့် လင်ယောကျ်ားတို့၏ မကောင်းသော အမူကျင့်များအဖြင့် မှတ်ယူမျှော်လင့်တတ်ကြသော အမူကျင့်တို့သည် ယောကျ်ားတို့အတွက် ဘုရားသခင် ရည်ရွယ်ခဲ့သော ပုံစံနှင့် ဆန့်ကျင်ကွဲလွဲနေပါသည်။ ယေရှု၏ အကျင့်စာရိတ္တသည် သူ့ခမည်းတော်၏ ကြီးမြတ်ခမ်းနာမြင့်မြတ်သော အကျင့်စာရိတ္တမျှသာဖြစ်သကဲ့သို့ လင်ယောကျ်ားနှင့် မိန်းမအတွက်လည်း ထို့အတူပင်ဖြစ်ပါသည်။ မယားတစ်ယောက် ပြသသော နွေးထွေးမှု၊ စာနာထောက်ထားတတ်မှု၊ အကြင်နာမေတ္တာတို့သည် ခင်ပွန်းဖြစ်သူ၏ အထဲ၌ရှိပြီး၊ သူမအပေါ်ပြသခဲ့ပြီးသော နွေးထွေးမှု၊ စာနာထောက်ထားတတ်မှု၊ အကြင်နာမေတ္တာတို့၏ ကြီးမြတ်ခမ်းနာမြင့်မြတ်မှုသာ ဖြစ်ရန် ရည်ရွယ်ထားခြင်း

ဖြစ်ပါသည်။ မိခင်၊ မယားတစ်ယောက် ပြုမူဖော်ပြသော ကောင်းသော အမူကျင့်အားလုံးသည် ယောကျ်ားအထဲတွင် အမြဲထာဝရ ရှိနေရမည်ဖြစ်ပါသည်။ အကြောင်းမှာ ယောကျ်ားသည် မိန်းမမှလာသည်မဟုတ်။ မိန်းမသည် ယောကျ်ားမှ လာသောကြောင့်ဖြစ်ပါသည်။ ဧဝသည် အာဒံ၏အရိုးအသားထဲမှ လာကြောင်းသတိရပါ။ သူမအထဲတွင်ရှိသော အရာအားလုံး၏ မူလအရင်းမြစ်သည် သူ့ထံမှ လာပါသည်။ သို့သော် ဤအမူကျင့်များကို ထင်ရှားစေရန် သူမကိုမွေးဖွားစေခဲ့ခြင်း ဖြစ်ပါသည်။ သူမသည် ယောကျ်ား၏ ဘုန်းအသရေဖြစ်ရန် ဖြစ်ပါသည်။

သို့သော် လင်ယောကျ်ားသည် ဘုရားသခင် ခန့်ထားသော နေရာဖြစ်သည့် ဘုရားသခင်၏ ဘုန်းအသရေဖြစ်မှသာ မယားတစ်ဦးသည် ဤအမူကျင့်ကောင်းတို့ကို ခင်ပွန်းထံမှ ရရှိ၍ ထင်ရှားစေနိုင်မည်ဖြစ်သည်။ ယောကျ်ားသည် ကြားခံလမ်းကြောင်းဖြစ်သော ယေရှုခရစ်နှင့် ရင်းနှီးသော ဆက်ဆံရေးရှိမှသာ ခမည်းတော်၏ ပြည့်စုံသော  ချစ်တတ်သော အကျင့်စာရိတ္တကို သူ၏နှလုံးသားထဲတွင် လက်ခံရှိလာမည်ဖြစ်သည်။

- ဧဖက် ၅: ၂၅ "အချင်းယောကျ်ားတို့ **ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့** သင်တို့သည်လည်း ကိုယ်ခင်ပွန်းကို ချစ်ကြလော့။

ကိုယ်ကျိုးမငဲ့သော ချစ်ခြင်းသည် ဘုရားသခင်ထံမှသာ ယေရှုအားဖြင့် လာရောက်နိုင်ပါသည်။ ထို့ကြောင့် ယောကျ်ားသည် ထိုချစ်ခြင်းကို လက်ခံရရှိပြီး၊ သူ၏မယားထံသွန်းလောင်းပြီး သူမက ထိုချစ်ခြင်းကို ထင်ရှားစေဖို့ဖြစ်သည်။ ထိုသို့အားဖြင့် ယောကျ်ား၏ ဘုန်းအသရေ(အကျင့်စာရိတ္တ)သည် ဘုရားသခင့် ဘုန်းအသရေ(အကျင့်စာရိတ္တ)၏ ကြီးမြတ်ခမ်းနားမှုကို ပိုမိုထင်ရှားစေခြင်း

ဖြစ်လာရန်ဖြစ်သည်။ ဤအချက်သည် လူသားမျိုးနွယ်တစ်ခုလုံးအတွက် ဘုရားသခင်၏ အလိုတော်ဖြစ်ပါသည်။

အကယ်၍ ယောက်ျားဖြစ်သူက သူ၏တာဝန်ကို ငြင်းပယ်ပါက သူ၏မယားသည် သူမလိုအပ်သော ချစ်ခြင်းမေတ္တာကို ခရစ်တော်ထံမှ တိုက်ရိုက်ရယူနိုင်ပြီး သားသမီးများကို ပေးနိုင်ပါသည်။ သို့သော် ဘုရားသခင်က သူမအတွက် ကောင်းချီးမင်္ဂလာ လာရာကြားခံလမ်းကြောင်းအဖြစ် ဖန်ဆင်းထားသော ယောက်ျားဖြစ်သူကို လွဲကျော်ခြင်းဖြစ်ရာ  မိသားစုအတွင်း စိတ်ဝမ်းကွဲ မညီညွတ်မှုကို ဖြစ်စေတတ်ပါသည်။ ယနေ့အချိန်တွင် ဤခေါ်တော်မူခြင်းကို များစွာသော ယောက်ျားတို့သည် ငြင်းပယ်ကြသောကြောင့် ယေဘုယအားဖြင့် အမျိုးသမီးတို့သည် အမျိုးသားများထက် ပို၍ဆုတောင်း၊ ကျမ်းစာဖတ်၊ ဘုရားကျောင်း မှန်မှန်တက်ကြကြောင်း လေ့လာချက်များတွင် အလွယ်တကူတွေ့ရှိရခြင်းဖြစ်ပါသည်။ အမျိုးသားတို့သည် သူတို့မယားတို့အတွက် ချစ်ခြင်းမေတ္တာ သွန်းလောင်းပေးရန် တာဝန်ရှိသည်ဟု ခံစားရသည်ထက် မိခင်များက သူတို့ သားသမီးများအတွက် ချစ်ခြင်းမေတ္တာ သွန်းလောင်းပေးရန် တာဝန်ရှိသည်ဟု ပို၍ခံစားတတ်ကြသည်။

ထိုသို့ဖြစ်ရခြင်းမှာ ကလေးသူငယ်များသည် သူတို့၏ ချစ်ခြင်းမေတ္တာလိုအပ်မှုအပေါ် လုံးလုံးလျားလျား ပွင့်လင်းတတ်ကြပြီး၊ များစွာသော မယားတို့သည် သူတို့၏ ချစ်ခြင်းမေတ္တာလိုအပ်မှုကို ခင်ပွန်းများထံ အသိပေးဖော်ပြရန် ဖြစ်နိုင်ချေအကြောင်း အမျိုးမျိုးကြောင့် တွန့်ဆုတ်တတ်ကြခြင်းကြောင့် ဖြစ်သည်။ အမျိုးသားသည် ဘုရားသခင်ထံမှ မိမိ၏ ချစ်ခြင်း ကြားခံလမ်းကြောင်းဖြစ်သော ခရစ်တော်နှင့် မဆက်သွယ်ပါက အမျိုးသမီးအပေါ် ချက်ချင်းသက်ရောက်မှုရှိသည်ကို မမြင်ဘဲ၊ သူ၏ရွေးချယ်မှုက သူ့အပေါ်သာ သက်ရောက်မှုရှိသည်ဟု မိမိကိုယ်မိမိ လှည့်ဖြားလာနိုင်ပါသည်။

အကယ်၍ မိခင်ဖြစ်သူသည် သားသမီးများကိုပေးဖို့ ကိုယ်ကျိုးမငဲ့သော ချစ်ခြင်းကို ခင်ပွန်းဖြစ်သူထံမှ မရရှိပါက ထို ဆာလောင်မှုသည် လိုအပ်မှုကို ရရှိရန် သူမကို ခရစ်တော်ထံ လှည့်လာစေပါသည်။ ထို့ကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် ပို၍ဘုရားသခင်ကို လိုအပ်သည်ဟု ခံစားတတ်ကြပြီး၊ ခရစ်တော်ထံ သူတို့နှလုံးသားကို ဖွင့်ပြတတ်ကြသည်။

မယုံကြည်သော အမျိုးသား၏ မယားဖြစ်သူသည် သူမနှင့် သားသမီးများအတွက် လိုအပ်သော ချစ်ခြင်းမေတ္တာကို ခရစ်တော်ထံမှ တိုက်ရိုက်ရယူသည်ဖြစ်စေကာမူ သူမအတွက် ပေးထားသော အကြံပြုချက်ကို သတိပြုပါစေ။

- ၁ပေ ၃: ၁-၂ "အထက်ကဆိုခဲ့ပြီးသည် နည်းတူ မိန်းမတို့၊ **ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်း**ကို ဝန်ခံကြလော့။ သို့ပြု၍၊ နှုတ်ကပတ်တရားတော်ကို နားမထောင်သော ယောကျ်ားအချို့ရှိလျှင်၊ ထိုသူတို့သည် တရားမနာသော်လည်း၊ **သင်တို့၏ ကြောက်ရွံ့ခြင်းနှင့် စင်ကြယ်သောအကျင့်တို့ ထောက်ရှု၍၊ မိမိမယား၏အကျင့်အားဖြင့် သွေးဆောင် လျက် အတူပါမည်အကြောင်းရှိ၏**။"
- ဧဖက် ၅: ၂၂ "အချင်းမိန်းမတို့၊ သခင်ဘုရား၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့၊ ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံကြလော့။"

အမျိုးသားသည် ဘုရားသခင်၏ လုပ်ဆောင်ပုံအတိုင်း သူ၏တာဝန်ကိုမဖြည့်ဆည်းတိုင်စေကာမူ၊ အမျိုးသမီးသည် သူမ၏ တာဝန်ကိုဖြည့်ဆည်းခြင်းဖြင့် ကောင်းချီးမင်္ဂလာများ ရှိနိုင်ပါသည်။ ရှင်ပေါလုက သူမကို "ဘုရားသခင်ရှေ့မှာ အဖိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖောက်ပြန်မပျက်ဆီးတတ်သော တန်ဆာဆင်ခြင်းရှိသော စိတ်နှလုံး၏အတွင်းလူ ဖြစ်စေကြလော့။" (၁ပေ ၃: ၄)ဟု

ဆက်၍အားပေးထားပါသည်။ ဤကဲ့သို့သော တိုက်ခိုက်လိုစိတ်မရှိဘဲ၊ မတူညီသော အမြင်များကို လျစ်လျူရှုလျက် အမျိုးသား၏ ဦးဆောင်မှုနောက်သို့ လိုက်လျောက်ခြင်းသည် ခင်ပွန်းသည် အတွက် အလွန်တန်ခိုးကြီးသော သက်သေခံခြင်း ဖြစ်လာပါလိမ့်မည်။ သူမ၏ ခင်ပွန်းဖြစ်သူကို အလုပ်ကျွေးပြုပုံ၊ ချစ်ခင်ပုံများတွင် ယေရှု၏ အကျင့်စာရိတ္တကို ထင်ရှားစေပါက ခင်ပွန်းဖြစ်သူသည် သူ၏စိတ်နှလုံးထဲတွင် ပိုမိုနက်ရှိုင်းသော ယုံကြည်မှုကို ဆောက်တည် ကြုံတွေ့ခံစားလာရ၍ သူကိုယ်၌ ခရစ်တော်လိုအပ်နေကြောင်းကို သိမြင်နားလည်လာပါလိမ့်မည်။

လင်ဖြစ်စေ မယားဖြစ်စေ သူဆီလာသော တယောက်စီတိုင်းကို ဘုရားသခင်က သစ္စာရှိရှိ ကောင်းချီးပေးပါသည်။ သို့သော် သူတို့နှစ်ယောက်လုံးက မိသားစု၏ ကောင်းချီးမင်္ဂလာအတွက် ခန့်ထားခြင်းခံရသော အရင်းမြစ်နှင့် ကြားခံလမ်းကြောင်း အခန်းကဏ္ဍာကို လက်ခံပွေ့ဖက်မှသာ သူတို့သည် လူသားတို့အတွက် ဘုရားသခင်ရည်ရွယ်ထားသော ချမ်းသာထဲသို့ အပြည့်ဝကြီးပွားတိုးတက်လာကြမည် ဖြစ်ပါသည်။

သူနှင့် သားတော်ကြားက အရင်းမြစ်နှင့် ကြားခံလမ်းကြောင်း ဆက်ဆံရေးကို စကြာဝဠာက ပိုမိုနက်နဲစွာ နားလည်စေရန် ရည်ရွယ်၍ အဖို၊အမဖြစ်မှု လိင်ကို စီစဉ်ပုံစံချထားခြင်း ဖြစ်ပါသည်။ အကြောင်းမှာ "... သိအပ်သော **ဘုရားသခင်၏ အကြောင်းရာတို့သည် သူတို့တွင် ထင်ရှားလျက်ရှိ၏။** ဘုရားသခင်သည် သူတို့အား ပြတော်မူပြီ။ အဘယ်သို့နည်းဟူမူကား၊ **ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့် ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော** မျက်မြင်မရသော **ဘုရားသခင်၏အရာတို့သည်** ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။ (ရောမ ၁: ၁၉-၂၀)

စာတန်မာရ်နတ်၏ လူသားအပေါ် ပထမဆုံးတိုက်ခိုက်မှုသည် အာဒံနှင့် ဧဝအကြားက ဆက်ဆံရေးကို ဖျက်ဆီးပစ်ရန် ကြိုးစားခြင်း ဖြစ်နေသည်မှာ အံ့သြစရာမရှိပါ။ အကြောင်းမှာ ရှေးဦးစွာမှုစ၍ သူ၏ပန်းတိုင်သည် ဘုရားသခင်၏ အလုပ်လုပ်ဆောင် နည်းစနစ်၊ ယန္တရားကို ပုန်ကန်ရန် ဖြစ်သောကြောင့် ဖြစ်သည်။ ဧဝကို သူမ၏ ခင်ပွန်းဘက်ကို သစ္စာဖောက်ရန် စုံစမ်းသွေးဆောင်ခြင်းက အာဒံကို သူ၏ခေါင်းဖြစ်သော ခရစ်တော်အပေါ် သစ္စာရှိဖို့ထက် ဧဝအပေါ်သစ္စာရှိရန် ရွေးချယ်စေခဲ့သည်။ နောက်ပိုင်းတွင် သူကိုလိမ်လည်သည့်အတွက် ဧဝကို အပြစ်တင်ခြင်း၊ ဧဝကို သူထံတွင်ပေးခဲ့သော ဘုရားသခင်ကို အပြစ်တင်ခြင်းဖြင့် ဘုရားသခင်က ဧဝအတွက် သူ့ကိုဖြစ်စေလိုသော ကောင်းချီးမင်္ဂလာ၏ ကြားခံလမ်းကြောင်းကို လုံးလုံးဖြစ်တောက်ပစ်စေခဲ့သည်။

- ကမ္ဘာဦးကျမ်း ၃: ၁၂ "လူကလည်း ကျွန်တော်၌အပ်ပေးတော်မူသော မိန်းမသည် ထိုအပင်၏အသီးကိုပေး၍ ကျွန်တော်စားမိပါသည်ဟု လျှောက်လေ၏။"

ထိုအချိန်မှစ၍ စာတန်သည် လူသားတို့၏ ဆက်ဆံရေးကို လမ်းလွဲစေရန် တိုက်ခိုက်ခြင်းကို မရပ်တန့်တော့ပါ။ ကျွန်တော်တို့ ဝိညာဉ်ရေးရာကောင်းချီးများအတွက် ဘုရားသခင်စီစဉ်ထားသော မိသားစုစည်းလုံးမှုကို ဖျက်ဆီးခြင်းဖြင့် များစွာသော ယောကျာ်း၊ မိန်းမတို့ကို အပြစ်နှင့် အလွန်စိတ်သောကရောက်သော အသက်တာထဲတွင် သူဦးတည်စေနိုင်ကြောင်း သိသောကြောင့်ဖြစ်ပါသည်။

စာတန်က သူခွဲထွက်ခဲ့သော ကောင်းချီးမင်္ဂလာ လမ်းကြောင်းထဲတွင် လျှောက်လှမ်းခြင်းမှ ကာကွယ်နိုင်ရန် ကျွန်တော်တို့စိတ်ထဲတွင် ဘုရားသခင်၏ လုပ်ကိုင်ဆောင်ရွက်မှု နည်းစနစ်ကို မေ့မိန်စေရန် ကြိုစားလျက်ရှိပါသည်။

အခုအချိန်တွင် သူနှင့်အတူ အသက်၏အရင်းမြစ်နှင့် အဆက်ဖြတ်သူများ၏ ကံကြမ္မာကို သိလျက်၊ အဆက်သွယ်များနိုင်သမျှ များစေနိုင်ရန် ဦးဆောင်လျက်၊ စောင့်ကြိုလျက်၊ သတိထားလျက်ရှိနေပါသည်။ ကျွန်တော်တို့ ယေရှု၏ယုံကြည်ခြင်းကို မဆုပ်ကိုင်၊ နားမလည်နိုင်စေရန် တတ်နိုင်သမျှ သူကြိုးစားပါလိမ့်မည်။ သို့သော် သူ၏ညာဘက်လက်ရုံးတော်ဖြစ်သော၊ သူ၏စစ်မှန်သော စပျစ်နွယ်ပင်ဖြစ်သော၊ သူ၏အသက်ရှင်သော နှုတ်ကပတ်တော်ဖြစ်သော သားတော်ကို ကျွန်တော်တို့ ဤအရာများကို နားလည်နိုင်စေရန်အတွက် စေလွှတ်သောကြောင့် ကျွန်ုပ်တို့၏ ကောင်းကင်ခမည်းတော်ကို ချီးမွမ်းကြပါစို့။ ထိုအကြောင်းကြောင့် ကျွန်တော်တို့သည် သူတို့၏ ကောင်းချီးမင်္ဂလာ လမ်းကြောင်းသို့ပြန်ရောက်၍၊ ကျွန်ုပ်တို့၏ ခမည်းတော်ဘုရား ခရစ်တော်အားဖြင့် ကျွန်တော်တို့အတွက် ပေးလိုသောအရာ အားလုံးကို လက်ခံရရှိနိုင်မည်ဖြစ်ပါသည်။

- ၁ယော ၁: ၃-၄ "ငါတို့သည် ခမည်းတော်နှင့် လည်းကောင်း၊ သားတော် ယေရှုခရစ်နှင့် လည်းကောင်း၊ မိတ်သဟာယဖွဲ့ရသည်ဖြစ်၍၊ သင်တို့သည် ငါတို့နှင့် မိတ်သဟာယဖွဲ့စေခြင်းငှာ၊ ငါတို့ကြားမြင်ရသောအရာကို သင်တို့အားပြသကြ၏။ သင်တို့၏ ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှာလည်း၊ ဤအရာများကို ငါတို့သည် ရေးလိုက်ကြ၏။"

## ဘုရားသခင်၏ ဝိညာဉ်တော်

ခမည်းတော်သည် အရာအားလုံး၏ မူလအမြစ်ဖြစ်ကြောင်း ကျွန်တော်တို့ တွေ့ရှိခဲ့ပြီးဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည်လည်း

ခမည်းတော်ဘုရားကိုယ်တိုင်မှ ပေါက်ဖွားလာကြောင်း သမ္မာကျမ်းစာအရ ကျွန်တော်တို့ အတည်ပြုနိုင်ပါသည်။

- ရှင်ယောဟန် ၁၅:၂၆ "**ခမည်းတော်ထံမှ ထွက်လာ၍** သမ္မာတရားနှင့်ပြည့်စုံသော ဝိညာဉ်တော်တည်းဟူသော ခမည်းတော်ထံမှ သင်တို့ဆီသို့ ငါစေလွှတ်လတ္တံ့သော ဥပဇ္ဈာယ်ဆရာသည် ရောက်လာသောအခါ၊ ငါ၏အကြောင်းကို သက်သေခံလိမ့်မည်။"
- ကမ္ဘာဦးကျမ်း ၁:၂ " မြေကြီးသည် အဆင်းသဏ္ဌာန်မရှိ၊ လွတ်လပ်လဟာဖြစ်၏။ နက်နဲရာအရပ်ကို မှောင်မိုက်ဖုံးလွှမ်း၍ ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏။"

"ဘုရားသခင်၏သားတော်"ဟူသောစကားသည် ပိုင်ဆိုင်မှုပြသော အနက်သဘောရှိသည်။ ဥပမာ သားတော်သည် ခမည်းတော်၏သား ဖြစ်သကဲ့သို့ ခမည်းတော်သည်လည်း သားတော်၏ အဖဖြစ်ပါသည်။ ထိုနည်းတူ ဝိညာဉ်တော်သည် ဘုရားသခင်၏(ပိုင်သော) ဝိညာဉ်တော်ဖြစ်သကဲ့သို့ ဘုရားသခင်သည်လည်း ဝိညာဉ်တော်၏ ဘုရားသခင်ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျမ်းစာထဲ၌ဖော်ပြထားသည့်အတိုင်း ဘုရားသခင်၏ ဝိညာဉ်တော်ဖြစ်ပါသည်။ ဘုရားသခင်၏ ဝိညာဉ်တော်၊ ခမည်းတော်၏ ဝိညာဉ်တော်ဖြစ်ပါသည်။

- ရှင်မဿဲ ၁၀:၂၀ "အကြောင်းမူကား၊ သင်တို့သည် အလိုအလျောက်ပြောကြသည်မဟုတ်။ **သင်တို့အဘ၏ဝိညာဉ်တော်သည်** သင်တို့အားဖြင့် ပြောတော်မူ၏။

**ဝိညာဉ်တော်ဆိုသည်မှာ အဘယ်နည်း။**

- ကမ္ဘာဦးကျမ်း ၄၁: ၇-၈ "... ဖာရောမင်းသည်လည်းနိုး၍ အိပ်မက်ဖြစ်သည်ကို သိလေ၏။ နံနက်အချိန်ရောက်သောအခါ၊ **ဖာရောမင်းသည် စိတ်ပူပန်၍၊** အဲဂုတ္တုပြေဒင်တတ် ပညာရှိအပေါင်းတို့ကိုခေါ်၍ အိပ်မက်တော်ကို ပြန်ကြားတော်မူ၏။..."
- ကမ္ဘာဦးကျမ်း ၄၅: ၂၇ "သူတို့သည်လည်း ယောသပ်ပြောသမျှသောစကားတို့ကို ပြန်ပြောကြ၏။ **အဘယာကုပ်**သည် မိမိစီးစရာအဖို့ ယောသပ်ပေးလိုက်သော လှည်းတို့ကို မြင်သောအခါ **စိတ်နှလုံး**အားဖြည့်ပြန်၏။
- တရားဟောရာကျမ်း ၂: ၃၀ "ကျွန်ုပ်တို့လျှောက်သွားရသောအခွင့်ကို **ဟေရှဘုန်ရှင်ဘုရင် ရှိဟုန်မင်းသည်** မပေး။ အကြောင်းမူကား၊ ယနေ့ထင်ရှားသည်အတိုင်း၊ သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် ထိုမင်းကို သင်တို့လက်၌အပ်ခြင်းငှာ၊ ခက်ထန်သော **စိတ်သဘော၊** ခိုင်မာသော**နှလုံး**ကို သူ၌ပေးသွင်းတော်မူ၏။"
- ဧဇရာ ၁: ၁ "ယေရမိဆင့်ဆိုသော ထာဝရဘုရား၏ အမိန့်တော်ကို ပြည့်စုံစေခြင်းငှာ၊ ပေရသိရှင်ဘုရင် ကုရှုနန်းစံ ပထမနှစ်တွင်၊ ထာဝရဘုရား နှိုးဆော်တော်မူသောအားဖြင့်၊ ထိုရှင်ဘုရင်သည် အမိန့်တော်စာကို ထုတ်ပြီးလျှင်၊..." (အင်္ဂလိပ်ကျမ်းတွင် the spirit of cyrus ဟုပါသည်။ ဤကျမ်းချက်များတွင်တွေ့ရသော စိတ်သဘော၊ စိတ်နှလုံး၊ ဝိညာဉ်ဟု ဘာသာပြန်ထားသော စကားလုံးတို့သည် အင်္ဂလိပ်ကျမ်းတွင် Spirit တစ်လုံးသာဖြစ်ပါသည်။)

အခြားဥပမာများစွာရှိသော်လည်း အဓိကအချက် ရှင်းလင်းပြီဟုထင်ပါသည်။ တစ်ဦးတစ်ယောက်၏ စိတ်ဝိညာဉ်ဆိုရာ၌ သူတို့၏ စိတ်သဘော၊ အတွေးမြင်၊ အကျင့်စာရိတ္တ ထက်ပို၍ အခြားမည်သည့်အရာမျှ မဟုတ်ပါဟု ကျွန်တော်ယူဆကြပါလိမ့်မည်။ ထိုသို့ဖြစ်လျက်နှင့် သမ္မာကျမ်းစာက ဘုရားသခင်၏ ဝိညာဉ်တော်ဟု ဆိုရာတွင် အဘယ်ကြောင့် ကျွန်တော်တို့သည် ခြားနားသော၊ တတိယပုဂ္ဂုလ်တစ်ဦးကို တွေးမြင်မိကြပါသနည်း။ ခမည်းတော်ဘုရားသည် အနန္တတန်ခိုးနှင့်ပြည့်စုံ၍၊ နေရာတိုင်းတွင် အချိန်တိုင်းတည်ရှိနေနိုင်သော ဘုရားဖြစ်သောကြောင့် ကိုယ်ခန္ဓာအားဖြင့် ကောင်းကင်ပလ္လင်ပေါ်တွင်ထိုင်နေလျက်၊ ဝိညာဉ်အားဖြင့် ကမ္ဘာမြေပေါ်တွင် ရှိနေနိုင်ပါသည်။

- ရှင်ယောဟန် ၄: ၂၃-၂၄ "အကြောင်းမူကား၊ ထိုသို့ကိုးကွယ်သောသူတို့ကို **ခမည်းတော်သ**ည် အလိုရှိတော်မူ၏၊ **ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်**ကိုကိုးကွယ်သောသူတို့သည်၊ နာမ်ဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏။"

## သားတော်အားဖြင့်

သားတော်အထဲ၌ ပြည့်စုံသော ဘုရားဇာတိကိန်းဝပ်နေခြင်းသည် ခမည်းတော်ဘုရားကို စိတ်ကျေနပ်စေကြောင်း သတိရပါ။ ထို့ကြောင့် ယေရှုသည် သူ့ခမည်းတော်၏ ဝိညာဉ်တော်အားဖြင့် ပြည့်ဝနေပါသည်။ ဆိုလိုသည်မှာ သူတို့သည် စိတ်ဝိညာဉ်တစ်ခုထဲရှိပါသည်။ ယေရှုသည် ဘုရားသခင်၏ ညာလက်ရုံးတော်ဖြစ်ပြီး၊ ဘုရားသခင်သည် သူ၏ဘုန်းတန်ခိုးကို

ဖန်ဆင်းထားသော အရာများအတွက် ထင်ရှားစေသည့် ကြားခံလမ်းကြောင်းဖြစ်ပါသည်။

- ရှင်ယောဟန် ၁၂: ၃၇-၃၈ “ထိုမျှလောက်ကြီးစွာသော နိမိတ်လက္ခဏာတို့ကို သူတို့မျက်မှောက်၌ ပြတော်မူသော်လည်း သူတို့သည် ယုံကြည်ခြင်းသို့ မရောက်ကြ။ ပရောဖက်ဟေရှာယ ဟောဖူးသည်ကား၊ အိုထာဝရဘုရား၊ အကျွန်ုပ်တို့ဟောပြောသော သတင်းစကားကို အဘယ်သူယုံပါသနည်း။ **ထာဝရဘုရား၏ လက်တော်သည်** အဘယ်သူအား ထင်ရှားတော်မူသနည်း ဟူသောစကားသည် ပြည့်စုံခြင်းသို့ရောက်သတည်း။”

ခမည်းတော်ဘုရားသည် ဖန်ဆင်းခြင်းအရာအားလုံးကို သားတော်အားဖြင့် ပုံသွင်းခဲ့သကဲ့သို့၊ ကျွန်ုပ်တို့သည်လည်း  ခမည်းတော်ဘုရား၏ ဝိညာဉ်တော်ကို သားတော်အားဖြင့်သာ ရရှိပါသည်။

- ဧဖက် ၂: ၁၃, ၁၈ “သင်တို့သည်အထက်က ဝေးလျက်ရှိသော်လည်း၊ ယခုမှာ ယေရှုခရစ်၌ဖြစ်၍ အသွေးတော်အားဖြင့် အနီးသို့ ရောက်ကြပြီ။ ... **ထိုသို့ခရစ်တော်အားဖြင့်** ငါတို့နှစ်ဦးသည် **စိတ်ဝိညာဉ်တစ်လုံးတစ်ဝတည်းဖြစ်၍၊ ခမည်းတော်ထံသို့** တိုးဝင်ရမည်အခွင့်ကို ရကြပြီ။

ဤအမှန်တရားကို ကျွန်တော်တို့ ကောင်းစွာနားလည်လာသောအခါ ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် လှလှပပအသက်ဝင်လာပါသည်။

- ရှင်ယောဟန် ၁၄: ၂၀-၂၃ “ငါသည် ခမည်းတော်၌ရှိသည်ကိုလည်းကောင်း၊ သင်တို့သည် ငါ၌ရှိသည်ကိုလည်းကောင်း၊ ငါသည်

သင်တို့၌ရှိသည်ကိုလည်းကောင်း၊ ထိုနေ့၌ သင်တို့သည် သိရကြလိမ့်မည်။ ငါ့ပညတ်တို့ကိုရ၍ စောင့်ရှောက်သောသူတို့သည် ငါ့ကိုချစ်သောသူဖြစ်၏။ ငါ့ကိုချစ်သောသူကို ငါ့ခမည်းတော်သည် ချစ်တော်မူမည်။ ငါသည်လည်း ထိုသူကိုချစ်၍ **သူ့အားကိုယ်တိုင်ထင်ရှားမည်**ဟု မိန့်တော်မူ၏။ ယုဒရှကာရုတ်မဟုတ်၊ အခြားသော ယုဒက၊ သခင်၊ ကိုယ်တော်သည် လောကီသားတို့အား မထင်ရှားဘဲ **အကျွန်ုပ်တို့အား အဘယ်သို့ ထင်ရှားတော်မူမည်နည်း**ဟု မေးလျှောက်၏။ ယေရှုကလည်း၊ ငါ့ကိုချစ်သောသူသည် ငါ့စကားကို နားထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကို ချစ်တော်မူသည်။ **ငါတို့သည်လည်း၊ သူ့ဆီသို့သွား၍ သူနှင့်အတူနေရလိမ့်မည်**။”

သန့်ရှင်းသော ဝိညာဉ်တော်သည် ခရစ်တော်နှင့် သူ၏ခမည်းတော်ဘုရား၏ ဝိညာဉ်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့အထဲ၌လည်း သူတို့၏ ဝိညာဉ်တော်သည် အသက်ရှင်နေပါသည်။ “ဘုရားသခင်၏ ဝိညာဉ်တော်”နှင့် “ခရစ်တော်၏ ဝိညာဉ်တော်”ဟူသော အသုံးနှုန်းသည် အပြန်လှန်နေရာချင်းလဲ့လှယ်သုံးနှုန်း၍ ရကြောင်းကျွန်တော်တို့ တွေ့မြင်ရပြီဖြစ်ပါသည်။ အကြောင်းမှာ သူတို့၌ တူညီသော ဝိညာဉ်တစ်ခုသာရှိသည်။

- ရောမ ၈: ၉-၁၀ “သို့သော်လည်း **ဘုရားသခင်၏ ဝိညာဉ်တော်သည်** သင်တို့အထဲ၌ ကျိန်းဝပ်တော်မူလျှင်၊ သင်တို့သည် ဇာတိပကတိဘက်၌ ရှိကြသည်မဟုတ်။ ဝိညာဉ်ပကတိဘက်၌ ရှိကြ၏။ **ခရစ်တော်၏ ဝိညာဉ်ကို** မရသောသူမည်သည်ကား၊ ခရစ်တော်နှင့်မဆိုင်။ **ခရစ်တော်သည် သင်တို့အထဲ၌ရှိတော်မူလျှင်၊** ကိုယ်ကာယသည်

အပြစ်ကြောင့် အသေဖြစ်သော်လည်း ဝိညာဉ်မူကား၊
ဖြောင့်မတ်ခြင်းကြောင့် အသက်ရှင်လျက်ရှိ၏။”

ခရစ်တော်သည် လူသားမျိုးနွယ်၏ အပေါင်းအပါတစ်ယောက် ဖြစ်လာသောအခါ သူသည် လူသားတို့ကို သူ၏ ဘုရားဇာတိနှင့် လွှမ်းခြုံထားပါသည်။

- ဖိလိပ္ပိသြဝါဒစာ ၂: ၆-၇ “ထိုသခင်သည် **ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်**ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိအသရေကို စွန့်၍ **အစေခံကျွန်၏သဏ္ဌာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌** ဖွားမြင်ခြင်းကို ခံတော်မူ၏။

သူသည် ခမည်းတော်ဘုရား၏ ဝိညာဉ်နှင့် ပြည့်ဝလျက်ရှိနေခဲ့ပါသည်။ ရန်သူ၏ တန်ခိုးစွမ်းအားလုံးကို အောင်နိုင်ခဲ့ခြင်း၊ ခမည်းတော်နှင့် တလုံးတဝတည်းဖြစ်ခြင်းကို ထိန်းသိမ်းထားခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် သူ၏ကိုယ်ခန္ဓာနှင့် အပြစ်ကိုခုခံခြင်း၊ အနာရောဂါငြိမ်းစေခြင်း၊ နတ်ဆိုးများကို နှင်းထုတ်ခြင်းနှင့် သေသောသူများကို ပြန်ရှင်စေခြင်းစသော အခြားသူတို့၏ အသက်တာမှ အပြစ်၏ သက်ရောက်မှုများကို ပယ်ရှားဖျက်ဆီးခြင်းတို့ကို အောင်မြင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

- ဟေရှာယ ၄၂: ၁ “ငါထောက်မသော ငါ့ကျွန်ရင်း၊ ငါနှစ်သက်မြတ်နိုးရာ ငါရွေးချယ်သောသူကို ကြည့်ရှုလော့။ **ထိုသူ၏အပေါ်၌ ငါ့ဝိညာဉ်ကို ငါတည်စေမည်။** သူသည် လူအမျိုးမျိုးတို့ကို တရားပေးလိမ့်မည်။”
- ရှင်ယောဟန် ၁၄: ၁၀ “**ငါသည် ခမည်းတော်၌ရှိသည်ကိုလည်းကောင်း၊ ခမည်းတော်သည် ငါ၌ရှိတော်မူသည်ကိုလည်းကောင်း** မယုံသလော။ ငါဟောပြောသော စကားကို ကိုယ်အလိုအလျောက်

ငါဟောပြောသည်မဟုတ်။ ငါပြုသောအမှုတို့ကိုကား၊
**ငါ၌တည်နေတော်မူသော ခမည်းတော်သည် ပြုတော်မူ၏။**”

## ဥပဒ္ဒေသျှာယ်ဆရာကို စေလွှတ်ခြင်း

အောင်မြင်မှုနှင့် ရှင်ပြန်ထမြောက်ပြီးနောက် ဘုန်းကြီးထင်ရှားသော ယေရှုသည် ထိုဝိညာဉ်သို့ လူသားအားလုံး ပြန်တည်နေနိုင်ရန် ကြားခံလမ်းကြောင်း ဖြစ်လာပါသည်။ ထို့အတွက်ကြောင့် သန့်ရှင်းသောဝိညာဉ်တော် (သို့) ခရစ်တော် ကောင်းကင်ပြန်လည်တက်ကြွပြီးနောက် ဥပဒ္ဒေသျှာယ်ဆရာကို ပင်တေကုတ္တေပွဲနေ့မတိုင်မီ ပေး၍မဖြစ်နိုင်ခြင်း ဖြစ်ပါသည်။

- ရှင်ယောဟန် ၇: ၃၉ “ထိုသို့မိန့်တော်မူသော်၊ ယုံကြည်သောသူတို့သည် ခံရလတ္တံ့သော ဝိညာဉ်တော်ကိုရည်မှတ်၍ မိန့်တော်မူ၏။ **ယေရှုသည် ဘုန်းပွင့်တော်မမူသေးသောကြောင့်** သန့်ရှင်းသောဝိညာဉ်တော်ကို **ပေးတော်မမူသေး**။
- ရှင်ယောဟန် ၁၆: ၇ “ငါအမှန်ကန်ဆိုသည်ကား၊ ငါသွားလျှင် သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား၊ **ငါမသွားလျှင် ဥပဒ္ဒေသျှာယ်ဆရာသည် သင်တို့ဆီသို့မလာ**။ ငါသွားလျှင် ထိုသူကို သင်တို့ဆီသို့ ငါစေလွှတ်မည်။

ခရစ်တော်သည် ဘုန်းပွင့်ရန် တစ်ကြိမ် ကောင်းကင်သို့ တက်ကြွသွားတော်မူခဲ့ပြီး ကောင်းကင် ဗိမာန်တော်ထဲတွင် ယဇ်ပုရောဟိတ်မင်းအလုပ်ကို စတင်ခဲ့ပါသည်။ ထိုသို့အားဖြင့် ခမည်းတော်သည် ဝိညာဉ်တော် ဆုကျေးဇူးကို သူ့အားဖြင့် သူ၏မျှော်လင့်နေကြသော တပည့်တော်များဆီ စေလွှတ်နိုင်ရန်ဖြစ်ပါသည်။

- တမန်တော် ၂: ၃၂-၃၃ "ထိုယေရှုကို ဘုရားသခင် ထမြောက်စေတော်မူသည်ကို ငါတို့ရှိသမျှသည် သက်သေခံဖြစ်ကြ၏။ ထို့သို့ ဘုရားသခင်သည် လက်ယာလက်တော်နှင့် ချီးမြှောက်တော်မူသဖြင့်၊ ထိုသခင်သည် ကတိတော်နှင့် ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်ကို **ခမည်းတော်ထံ၌ ခံပြီးဖြစ်၍** သင်တို့သိမြင်ကြားရသောအရာကို **ညွှန်းလောင်းတော်**မူ၏။"
- ဟေဗြဲ ၄: ၁၅ "ငါတို့ ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ **ငါ့တို့ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောက်ယှက်ခြင်းတို့ကို** ခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏။"
- ရှင်ယောဟန် ၁၄: ၁၆-၁၉ "ခမည်းတော်သည် သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော **တစ်ပါးသော ဥပဇ္ဈာယ်ဆရာကို** သင်တို့နှင့်အတူ အစဉ်မပြတ်တည်နေစေခြင်းငှာ၊ သင်တို့အားပေးတော်မူမည်။ ထိုဝိညာဉ်တော်ကို လောကီသားတို့သည် မသိမမြင်သောကြောင့် မခံမယူနိုင်ကြ။ ထိုဝိညာဉ်တော်သည် **သင်တို့နှင့်အတူတည်နေ၍၊ သင်တို့၌ ရှိတော်မူသောကြောင့်** သင်တို့သိရကြ၏။ ငါသည် သင်တို့ကို မိဘမဲ့ဖြစ်စေခြင်းငှာ၊ စွန့်ပစ်မည်မဟုတ်။ **သင်တို့ဆီသို့လာဦးမည်**။ ခဏကြာပြီးမှ လောကီသားတို့သည် ငါ့ကိုမမြင်ရကြ။ သင်တို့မူကား၊ မြင်ရကြလိမ့်မည်။ ငါသည် အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင်ရကြလိမ့်မည်။"

ဥပဒေ့ချာယ်ဆရာသည် ယေရှုဘုန်းမပွင့်မှီအချိန်တွင် စေလွှတ်၍မဖြစ်သေးသော်လည်း၊ ယေရှုက "သင်တို့နှင့်အတူတည်နေ၍"ဟု ပစ္စုပ္ပန်ကာလကို သုံး၍ပြောသော်လည်း "သင်တို့၌ရှိတော်မူ(မည်ဖြစ်)သောကြောင့်"ဟု အနာဂတ်ကာလပြ အသုံးနှုန်းကို သုံးထားပါသည်။ (မြန်မာကျမ်းစာတွင် "မည်"ဟုမပါသော်လည်း အင်္ဂလိပ်ကျမ်းစာတွင် အနာဂတ်ကာလပြ "shall be"ကို သုံးထားသောကြောင့် တိတိကျကျပြန်ဆိုပါက "မည်"ပါရမည်ဖြစ်သည်။) "သင်တို့သိရကြသည်"၊ "သင်တို့နှင့်အတူတည်နေ၍" ဟုဆိုရာတွင် ခရစ်တော်သည် သူ့ခမည်းတော်၏ ဝိညာဉ်တော်နှင့် ပြည့်ဝနေသော မိမိကိုယ်ကို တူညီသော ဥပဒေ့ချာယ်ဆရာအဖြစ် ဖော်ပြနေခြင်းဖြစ်ပါသည်။ သူသည် ပုဂ္ဂိုလ်အားဖြင့် သူတို့နှင့်အတူ တည်ရှိနေသည်ဖြစ်သော်လည်း အနာဂတ်တွင် ခရစ်တော်သည် သူတို့အထဲတွင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တည်နေမည်ဖြစ်ပါသည်။

ဥပဒေ့ချာယ်ဆရာဟူသောအသုံးနှုန်းသည် ဂရိတ်ဘာသာစကားတွင် "parakletos" ဖြစ်ပါသည်။ ရှင်ယောဟန်သည် ဤအသုံးနှုန်းကို သုံးသောတစ်ဦးတည်းသော စာရေးဆရာဖြစ်ပြီး၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် လေးကြိမ်အသုံးပြုခဲ့ကာ၊ ရှင်ယောဟန်ဩဝါဒစာ ပထမစာစောင်တွင် တစ်ကြိမ်အသုံးပြုခဲ့ပါသည်။ ဥပဒေ့ချာယ်ဆရာသည် ခမည်းတော်၊ သားတော်တို့နှင့် မတူသော တတိယပုဂ္ဂိုလ်ဖြစ်သည်ဟူသော ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားကြသော ယုံကြည်ချက်တွေရှိနေလင့်စကား၊ ရှင်ယောဟန်ကတော့ သူ့ရေးသားချက်များတွင် ဥပဒေ့ချာယ်ဆရာဟုသုံးနှုန်းခြင်းဖြင့် သူရည်ရွယ်သောသူသည် မည်သူဖြစ်ကြောင်း မေးခွန်းမေးစရာမရှိဟု အမှန်တကယ် ရည်ရွယ်ထင်မှတ်ခဲ့ပါသည်။ မရည်ရွယ်ဘဲ သူ့ရှင်းလင်းချင်သည် ဘာသာပြန်ရာ၌ ဖုန်းကွယ်ခြင်းခံခဲ့ရသည်။ ၁ယော ၂:၁ တွင် သူမည်သူ့ကိုရည်ရွယ်၍ ပြောခြင်းဖြစ်ကြောင်း ထင်ရှား၊တိကျစွာ

ဖော်ပြထားခဲ့ပါသည်။ သို့သော် "parakletos"ဟူသောအသုံးနှုန်းကို (Comforter) ဥပဒေ့ချာယ်ဆရာဟု ဘာသာမပြန်ကြတော့ဘဲ၊ (Advocate) အမှုဆောင်သခင် အဖြစ်သုံးနှုန်းထားပါသည်။

- ၁ယော ၂: ၁ "ချစ်သားတို့၊ သင်တို့သည် ဒုစရိုက်ကိုမပြုစေခြင်းငှာ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏။ တစ်စုံတစ်ယောက်သောသူသည် ဒုစရိုက်ကိုပြုမိလျှင် ဖြောင့်မတ်တော်မူသော **အရှင်ယေရှုခရစ်**တည်းဟူသော ငါတို့**အမှုဆောင်သခင်**သည် ခမည်းတော်ထံ၌ ရှိတော်မူ၏။"

  (သို့မဟုတ်) "တစ်စုံတစ်ယောက်သောသူသည် ဒုစရိုက်ကိုပြုမိလျှင် ဖြောင့်မတ်တော်မူသော အရှင်ယေရှုခရစ်တည်းဟူသော ငါတို့ဥပဒေ့ချာယ်ဆရာသည် ခမည်းတော်ထံ၌ ရှိတော်မူ၏။"

ကျွန်တော်တို့၏ "Parakletos" (သို့) "ကျွန်တော်တို့၏ ဥပဒေ့ချာယ်ဆရာ"သည် အခြားသူမဟုတ်ဘဲ ယေရှုခရစ်တော်ပင်ဖြစ်ပါသည်။ ထိုသို့ဖြစ်လျှင် ရှင်ယောဟန် ၁၄: ၁၆ တွင် ခရစ်တော်က ဘာကြောင့် ခမည်းတော်သည် တစ်ပါးသော ဥပဒေ့ချာယ်ဆရာကို စေလွှတ်မည်ဟု ပြောခဲ့သလဲ။ ဒီလိုပြောချင်းအားဖြင့် သူတို့သည် မတူခြားနားသော ပုဂ္ဂုလ်များဖြစ်ရမည်ဟု ဆိုလိုပါသလား။

ဂရိတ်ဘာသာစကားတွင် "တစ်ပါးသော (သို့မဟုတ် အင်္ဂလိပ်ကျမ်းအတိုင်း "another") အခြားသော  ဟူသောစကားလုံးကို နှစ်မျိုး ဘာသာပြန်၍ရပါသည်။ allos,နှင့် heteros ဖြစ်ပါသည်။ heteroes သည် မတူခြားနားသော အမျိုးစားဟု အဓိပ္ပာယ်ရှိသော်လည်း၊(ဥပမာ။ ကျွန်တော် အခြားပန်းသီးအမျိုးစားတစ်ခု မြည်းကြည့်လို့ရမလား။) allos သည် အမျိုးစားတူ အခြားတစ်ခုဟု

အဓိပ္ပာယ်ရပါသည်။ (ဥပမာ။ ဟိုပန်းသီးအစိမ်းလေးတွေက စားလို့ကောင်းလိုက်တာ။ နောက်တစ်ခု စားလို့ရမလား။) ခရစ်တော်အဖြစ်သုံးသော စကားလုံးသည် ဂျစာပိုဒ်တွင် allos ဖြစ်ပါသည်။ ထို့ကြောင့် ယေရှုက တပည့်တော်များကို ခမည်းတော်က မတူခြားနားသော ပုဂ္ဂိုလ်၊ ဥပဒေ့ှာယ်ဆရာကို ဆိုလိုသည်မဟုတ်ပါ။ ခမည်းတော်က ဖြစ်တည်မှု အမျိုးစားတူသော ဥပဒေ့ှာယ်ဆရာတစ်ပါး၊ လက်ရှိအချိန်တွင် သူတို့နှင့်အတူရှိနေသော တစ်ပါးသောသူကို စေလွှတ်မည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ခမည်းတော်ဘုရားက ကိုယ်ခန္ဓာ အသွေးသားနှင့်ဖြစ်သော ခရစ်တော်ကို စေလွှတ်ခဲ့ပြီးဖြစ်ပါသည်။ ခရစ်တော်ကို ဝိညာဉ်အဖြစ်နဲ့ ပြန်၍စေလွှတ်ဦးမည်ဟု ဆိုလိုပါသည်။

- ဟေဗြဲ ၂: ၁၈ "ထိုသို့ စုံးစမ်းနှောင့်ယှက်ခြင်းကို **ကိုယ်တော်တိုင်ခံ၍** ဒုက္ခဆင်းရဲခြင်း၌ ကျင်လည်သောကြောင့်၊ စုံစမ်းနှောင့်ယှက်ခြင်းအမှုနှင့် တွေ့ကြုံသောသူတို့ကို မစခြင်းငှာ တတ်နိုင်တော်မူ၏။

ခရစ်တော်ကသာလျှင် လောက၏ စုံစမ်းနှောင့်ယှက်ခြင်းအပေါ် အောင်နိုင်ခြင်းကို ပေးနိုင်ပါသည်။ အကြောင်းမှာ သူသည် ကျဆုံးခဲ့သော လူသားတို့၏ဇာတိသဘောကို ယူတင်ဝတ်ဆင်လျက် အပြစ်ကို အောင်နိုင်ခဲ့ပြီးသောကြောင့် ဖြစ်ပါသည်။ ဥပဒေ့ှာယ်ဆရာဟု ဖော်ပြသုံးနှုန်းသောအခါ ခရစ်တော်သည် သူ၏သာသနာတော်တစ်လျှောက်လုံးတွင်လည်း မိမိကိုယ်မိမိ တတိယပုဂ္ဂိုလ်ကဲ့သို့ သုံးနှုန်းလေ့ရှိတတ်သောကြောင့် ဥပဒေ့ှာယ်ဆရာဟု ဖော်ပြသုံးနှုန်းသောအခါ မိမိအကြောင်း မိမိပြောနေခြင်းဖြစ်ကြောင်း ကျွန်တော်တို့ လက်မခံဘဲငြင်းဆန်မနေသင့်ပါ။

(မဿဲ ၁၃: ၄၁, ၂၄: ၂၇,၃၀, မာကု ၁၀: ၃၃-၃၄,၄၅, လုကာ ၁၇: ၂၄, ၁၈: ၈, ရှင်ယောဟန် ၁၀: ၂-၄, ၁၇: ၁-၃, ...)

**တစ်ခုတည်းသော လမ်း**

၁တိမောသေ ၂: ၅ ကိုသတိရပါ။ "ဘုရားသခင် တစ်ဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့် လူတို့စပ်ကြားမှာ၊ လူဖြစ်သော ယေရှုခရစ်တည်းဟူသော အာမခံတစ်ဦးတည်းရှိ၏။" အာမခံပေးသူ၊ ကြားဖျန်ဖြေသူ တစ်ဦးသာရှိပါသည်။ (One mediator, one intercessor)

- ရောမ ၈: ၂၆ "ထိုမှတစ်ပါး၊ ငါတို့ မတတ်နိုင်သောအရာမှာ **ဝိညာဉ်တော်သည်** မစတော်မူ၏။ ငါတို့သည် ဆုတောင်းသင့်သည်အတိုင်း အဘယ်ဆုကို တောင်းရမည်ဟု မသိကြ။ သို့ရာတွင် ငါတို့ဆုတောင်းခြင်းအမှုကို နှုတ်မမြွက်နိုင်သော ညည်းတွားခြင်းအားဖြင့် ဝိညာဉ်တော်သည် **စောင့်မ**တော်မူ၏။ (maketh intercessionဟုသုံးထားသည်)

ကျမ်းစာ၏အနက်ကို ကျမ်းကအနက်ဖွင့်စေကြရအောင်။ ကျွန်တော်တို့အတွက် ဝင်၍ ကြားဖျန်ပေးသူသည် ဘယ်သူဖြစ်တယ်လို့ ပြောထားပါသလဲ။

- ရောမ ၈: ၃၄ "အပြစ်စီရင်သောသူကား အဘယ်သူနည်း။ အသေခံ၍ခံသည်သာမက၊ သေခြင်းမှထမြောက်၍ ဘုရားသခင်၏ လက်ယာတော်ဘက်၌နေလျက်၊ ငါတို့အဖို့ **ဆုတောင်းသောသူကား ခရစ်တော်**ပေတည်း။" (maketh intercessionဟု သုံးနှုန်းထားပါသည်)

- ဟေဗြဲ ၇: ၂၅ "ထို့ကြောင့်၊ အကြင်သူတို့သည် **ယေရှုအားဖြင့်** ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်ကြ၏။ **ထိုသူတို့၏အမှုကို ကိုယ်တော်သည် စောင့်လျက်၊** ကာလအစဉ် အသက်ရှင်သောကြောင့်၊ သူတို့ကို အစဉ်ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူ၏။" (maketh intercession for themဟု သုံးထားသည်။)

ယေရှုကိုယ်တိုင်သည် လူသားနှင့် ဘုရားသခင်ကြားက ဝင်ရောက် ကြားဖျန်ဖြေသူ တစ်ဦး၊ အမှုဆောင်ပေးသူတစ်ဦး ဖြစ်ပါသည်။ ယေရှုသည် ခမည်းတော်ဘုရားနှင့် ကျွန်တော်တို့ကို တလုံးတဝတည်းဖြစ်စေသော တစ်ခုတည်းသော လမ်း၊ တစ်ခုတည်းသော ကြားခံလမ်းကြောင်း ဖြစ်ပါသည်။

- ရှင်ယောဟန် ၁၇: ၂၃ "**အကျွန်ုပ်သည် သူတို့၌ရှိ၍၊** ၂၃ **ကိုယ်တော်သည်လည်း၊ အကျွန်ုပ်၌ရှိ**တော်မူသောအားဖြင့် သူတို့သည် တစ်လုံးတစ်ဝတည်းဖြစ်၍၊  တစ်လုံးတစ်ဝတည်း၌ စုံလင်စေခြင်းငှာလည်းကောင်း၊ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူကြောင်းနှင့် အကျွန်ုပ်ကိုချစ်တော်မူသကဲ့သို့ သူတို့ကိုလည်း ချစ်တော်မူကြောင်းကို … "
- ဂလာတိ ၄: ၆ "ထိုသို့သင်တို့သည် သားဖြစ်သောကြောင့် အဗ္ဗအဘဟု ခေါ်တတ်သော **သားတော်၏ ဝိညာဉ်တော်ကို** သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင်စေလွှတ်တော်မူ၏။"
- ရှင်ပေတရု ၁: ၁၀-၁၁ "ထိုကယ်တင်ခြင်းအကြောင်းရာကို ပုရောဖက်တို့သည် စေ့စေ့စစ်ကြောမေးမြန်းရှာဖွေ၍၊ သင်တို့ခံရသော ကျေးဇူးတော်အကြောင်းကို ဟောပြောကြပြီ။ ခရစ်တော်ခံတော်မူရသော ဆင်းရဲကိုလည်းကောင်း၊ ဆင်းရဲခံပြီးမှ ဝင်စားတော်မူရသော

ဘုန်းစည်းစိမ်ကိုလည်းကောင်း၊ **သူတို့အထဲ၌ရှိသော ခရစ်တော်၏ ဝိညာဉ်သည်** သက်သေခံနှင့်သောအခါ၊ အဘယ်မည်သောသူကိုလည်းကောင်း၊ အဘယ်သို့သော အချိန်ကာလကိုလည်းကောင်း ဆိုလိုတော်မူသည်ဟု မေးမြန်းရှာဖွေကြ၏။"

- ၁ကော ၂: ၁၆ "ထိုလူကို သွန်သင်နိုင်မည်အကြောင်း အဘယ်သူသည် ထာဝရဘုရား၏ စိတ်တော်ကို သိသနည်း။ ငါတို့မူကား **ခရစ်တော်၏ စိတ်ကို** ခံရကြ၏။
- ၁ကော ၁၅: ၄၅ "... ရှေးဦးစွာသော အာဒံသည် အသက်ရှင်သော သတ္တဝါဖြစ်၏ဟု လာသတည်း။ ယခုတွင်မူ **နောက်ဆုံးဖြစ်သော အာဒံမူကား၊ အသက်ရှင်စေတတ်သော ဝိညာဉ်ဖြစ်၏။**

ကျွန်တော်တို့အားလုံးသည်လည်း တစ်ခုတည်းသော အသက်ရှင်စေတတ်သော ဝိညာဉ်ဖြစ်သော ကျွန်ုပ်တို့ကယ်တင်ရှင် ကိုယ်တော်တိုင်၏ ဝိညာဉ်တော်ကို လက်ခံရရှိမည်အကြောင်း ဆုတောင်းကြပါစို့။

- ဗျာဒိတ်ကျမ်း ၃: ၂၀ "**ငါသည် တံခါးရှေ့မှာ ရပ်၍ခေါက်လျက်နေ၏။** အကြင်သူသည် ငါ၏အသံကို ကြား၍ တံခါးကိုကိုဖွင့်အံ့၊ **ထိုသူရှိရာသို့ ငါဝင်၍** သူနှင့်အတူ စားသောက်မည်။ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်။

ခမည်းတော်ထံမှ သူရရှိသော ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ပြည့်ဝနေစေရန် ခရစ်တော်အလိုရှိပါသည်။ ထိုသို့ ခမည်းတော်၏ ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းအားဖြင့် ဤကမ္ဘာမြေပေါ်တွင် သူ၌ရှိခဲ့သော တန်ခိုးကို ကျွန်တော်တို့ရရှိ၍ လောက၏ စုံစမ်းနှောက်ယှက်ခြင်းများကို အောင်နိုင်လျက်

အောင်မြင်သော ခရစ်ယာန်အသက်တာကို ရှင်သန်နိုင်စေရန်ဖြစ်ပါသည်။ ခရစ်တော်အားဖြင့်သာ ကျွန်တော်တို့သည် တစ်နေ့ပြီးတစ်နေ့ ပြောင်းလဲလာကာ ဘုရားသခင်၏ ပုံသဏ္ဌာန်ကို သူ့အသက်တာထဲတွင် ရောင်ပြန်ဟပ်စေသကဲ့သို့ ကျွန်တော်တို့၏ အသက်တာထဲတွင် ရောင်ပြန်ဟပ်စေနိုင်မည် ဖြစ်ပါသည်။

- ၂ကော ၃: ၁၇-၁၈ "**သခင်ဘုရားဟုဆိုသော် ဝိညာဉ်တော်တရားကို ဆိုလိုသတည်း။** သခင်ဘုရား၏ **ဝိညာဉ်တော်တရားသည် လွှတ်ခြင်းချမ်းသာကို ပေးတတ်၏။** ငါတို့ရှိသမျှသည် မျက်နှာဖုံးဖွင့်လျက် မှန်ကို ကြည့်သကဲ့သို့ သခင်ဘုရား၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍၊ ဝိညာဉ်တော်တရား၏ အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည်အတိုင်း၊ ငါတို့သည် **ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲခြင်း ရှိရကြ၏။**"
- ဖိလိပ္ပိသြဝါဒစာ ၄: ၇ "ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် **ယေရှုခရစ်တော်အားဖြင့်** သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။"
- ရှင်ယောဟန် ၁၆: ၁၃ "သမ္မာတရားနှင့် ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊ **သမ္မာတရားကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြလိမ့်မည်။** ..."
- ဖိလိပ္ပိ ၄: ၁၃ "ငါ့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသော **ခရစ်တော်အားဖြင့်** ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏။"

ခမည်းတော်နှင့် သားတော်ဘုရားသည် ဝိညာဉ်တော်အားဖြင့် သင်နှင့်အတူရှိနေနိုင်ရန် တောင့်တတော်မူကြပါသည်။ ထိုသို့အတူရှိခြင်းအားဖြင့် အောင်နိုင်ရန် ခွန်အား၊ သမ္မာတရားကို အကြွင်းမဲ့သွန်သင်ပြသခြင်း၊

အဘယ်သူမျှကြံ၍မမှီနိုင်သော ငြိမ်သက်ခြင်းကို ပေးနိုင်ရန် ဖြစ်ပါသည်။ သူတို့ကို သင်ခွင့်ပြုနိုင်မလား။

- ကောလောသဲ ၁: ၂၆-၂၉ "သင်တို့အကျိုးကိုထောက်၍၊ ငါ့အား အပ်ပေးတော်မူသော ဘုရားသခင်၏ သာသနာတော်နှင့်အညီ၊ ငါသည် အသင်းတော်၌ ဓမ္မဆရာ၏ အဖြစ်သို့ရောက်ရပြီ။ တစ်ပါးအမျိုးသားတို့တွင် ဤနက်နဲသောအရာနှင့်ဆိုင်သော မဟာစည်းစိမ်ကား၊ အဘယ်မျှလောက်ကြီးသည်ကို **သန့်ရှင်းသူတို့သည် သိစေခြင်းငှာ၊** ဘုရားသခင်အလိုရှိတော်မူ၏။ ထိုစည်းစိမ်ကား၊ ဘုန်းအသရေကို မျှော်လင့်ခြင်းအကြောင်းတည်းဟူသော **သင်တို့အထဲ၌ တည်တော်မူသော ခရစ်တော်ပေတည်း။ခရစ်တော်အားဖြင့်** လူတိုင်းစုံလင်ခြင်းသို့ရောက်၍ လူခပ်သိမ်းတို့ကို ဆက်သအံ့သောငှာ၊ ငါတို့သည် လူခပ်သိမ်းတို့ကို သတိပေး၍ ပညာအမျိုးမျိုးနှင့် ဆုံးမသွန်သင်လျက် ခရစ်တော်၏တရားကို ဟောပြောကြ၏။ ထိုသို့အလိုငှာ၊ ငါသည် **အမှုဆောင်ရွက်၍၊ ငါ၌ ဘုန်းတန်းခိုးတော် ပြုပြင်အားထုတ်တော်မူသည်အတိုင်း** ကြိုးစားအားထုတ်လေ့ရှိ၏။"
- ဂလာတိ ၂: ၂၀ "ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ **ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏။** ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် **ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။** သားတော်သည် ငါ့ကိုချစ်၍ ငါ့အဖို့ ကိုယ်ကိုကိုယ် စွန့်တော်မူ၏။"

- ကောလောသဲ ၁: ၁၅-၁၆ "ထိုသားတော်သည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ဖြစ်၏။ ဝေနေယျသတ္တဝါအပေါင်းတို့တွင်လည်း သားဦးဖြစ်တော်မူ၏။
- ရှင်ယောဟန် ၁၄: ၆ "ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။

ဘာကြောင့် ခမည်းတော်ဘုရားသခင်က သူ၏သားတော် ခရစ်တော်အားဖြင့် ခပ်သိမ်းသောအရာအားလုံးကို ဖန်ဆင်းခဲ့သနည်း။ အဘယ်ကြောင့် ဘုရားသခင်သည် သားတော်ရှိရသနည်း။ အဘယ်ကြောင့် ကျွန်ုပ်တို့ ခမည်းတော်ထံရောက်ရှိနိုင်ရန် သားတော်အားဖြင့် သွားရန်လိုအပ်သနည်း။ ဤမေးခွန်းအားလုံး၏ အဖြေသည် ကယ်တင်ခြင်းသိပ္ပံပညာ၏ အဓိကနှလုံးသားဖြစ်ပါသည်။

အကယ်၍ ကျွန်တော်တို့သာ ဘုရားသခင်နှင့် သူ့တစ်ပါးတည်းသော သားတော်၏ ဆက်ဆံရေး၊ သူတို့နှင့် စကြာဝဠာတစ်ခုလုံး၏ ဆက်ဆံရေးကို နားလည်နိုင်ပါက ကျွန်တော်တို့၌ ဖန်ဆင်းခြင်းနှင့် ဖန်ဆင်းခြင်းအထဲတွင် ရှိသောအရာအားလုံး၏ အကြောင်းကို နားလည်နိုင်မည့် သော့ချက်ရှိနေပြီဖြစ်ပါသည်။ အကြောင်းမှာ ခပ်သိမ်းသောအရာတို့ကို ခမည်းတော်နှင့် သားတော်ဟူသော ပုံစံနည်းစနစ်အတွင်း၌ ဖန်ဆင်းထားသောကြောင့်ဖြစ်ပါသည်။ ထို့ပြင် ထိုဆက်ဆံရေး၌ ခပ်သိမ်းသော ဆက်ဆံရေးအားလုံး၏ ချစ်ခြင်းမေတ္တာ ပုံစံနည်းစနစ်ရှိနေပါသည်။